# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်　　၂၀၂၆ ခုနှစ်၊ ဩဂုတ် ၃၀ ရက်၊ တနင်္ဂနွေနေ့　　အတွဲ(၆၅)၊ အမှတ်(၃၂၉)


**ယနေ့ သတင်းအညွှန်း**

### ICJ အမှုနှင့်ပတ်သက်၍ ရမ်းတုတ်မှန်းတုတ် ဆောင်းပါး တစ်ပုဒ်အား တုံ့ပြန်ခြင်း


ဆောင်းပါး ➤ ၆


### ပြည်ပတွင်အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများ မိသားစု လွှဲပို့ငွေများကို တရားဝင်လမ်းကြောင်းမှ လွှဲပို့နိုင်ရေး ဆွေးနွေး


ပြည်တွင်းသတင်း ➤ ၉


### အမေရိကန် အာကာသအကယ်ဒမီ တည်ထောင်ရန် အမေရိကန်သမ္မတ ထရမ့် လက်မှတ်ရေးထိုး


နိုင်ငံတကာသတင်း ➤ ၁၄


### နေပြည်တော်စည်ပင်ဧည့်ရိပ်သာတွင် ပြင်ပဧည့်သည် မသန်စွမ်းများ လာရောက် တည်းခိုသည့်အခါအဆင်ပြေစေရေး လျှာထား အဆောင်များ ပြင်ဆင်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၂၉

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ နေပြည်တော်စည်ပင်ဧည့်ရိပ်သာတွင် ပြင်ပဧည့်သည် မသန်စွမ်းများ လာရောက်တည်းခိုသည့်အခါ အဆင်ပြေစေရေးအတွက် လျာထားအဆောင်များကို ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


စာမျက်နှာ ၈ ကော်လံ ၁ ❏




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)တာကိုယ်ထည် ရေတိုက်စားခံရမှု ယာယီတားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)တာကိုယ်ထည်ရေတိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

### ရေတိုက်ကာကွယ်ရေးနှင့်ရေရှည်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် လိုအပ်သည်များ လမ်းညွှန်မှာကြား

နေပြည်တော် ဩဂုတ် ၂၉

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ အကြား နေရာ၌ ဧရာဝတီမြစ်မှ ခွဲထွက်လာသော တိုးမြစ်၏မြစ်ကမ်းရေတိုက်စားမှုကြောင့် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် ရေတိုက်စားမှုဖြစ်ပေါ်ခဲ့ပြီး အဆိုပါရေတိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။


စာမျက်နှာ ၃ ကော်လံ ၁ ❖


## ဝိုင်းမော်မြို့နယ်အတွင်း ကုန်စစ်ဆေးရေးစခန်း ဖွင့်လှစ်

မြစ်ကြီးနား ဩဂုတ် ၂၉

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုဖြင့် ကချင်ပြည်နယ်အတွင်း နယ်စပ်ကုန်စည်စီးဆင်းမှုများ လွယ်ကူလျင်မြန် ချောမွေ့စေရေး၊ နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများ တိုးပွားရရှိစေရေးနှင့် တရားမဝင်ကုန်သွယ်မှုများ တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရေးအတွက် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စုအတွင်း မြစ်ကြီးနားမြို့အဝင် ကုန်စစ်ဆေးရေးစခန်းကို ယနေ့ ဖွင့်လှစ်ပြီး လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။


စာမျက်နှာ ၅ ကော်လံ ၁ ✻





## Digital Smart မီတာအသစ်များကို Website မှ လျှောက်ထားခြင်းအပေါ် ဌာနမှ ဝန်ဆောင်မှုဆောင်ရွက်ပေးနေသည့်အခြေအနေများအား အသိပေးကြေညာခြင်း

၁။ လျှပ်စစ်ဓာတ်အားသုံးစွဲလိုသော်လည်း မီတာမရှိသေးသည့် မိဘပြည်သူများအနေဖြင့် အိမ်သုံးအပြင် စီးပွားရေး/စက်မှုလုပ်ငန်းများအတွက်ပါ လိုအပ်သည့် Digital Smart မီတာအသစ်များကို နိုင်ငံတော်အစိုးရထံမှ ငှားရမ်းအသုံးပြုရာတွင် လျင်မြန်စွာရရှိနိုင်ရန်နှင့် တစ်ဆင့်ခံပွဲစားများ၊ ဝန်ထမ်းများ၏ ပါဝင်ပတ်သက်မှုများမှ ကင်းဝေးစေပြီး အချိန်နှင့် စရိတ်စကများ သက်သာစေရန် ရည်ရွယ်၍


စာမျက်နှာ ၁၁ ကော်လံ ၁ ❍


## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်



နေပြည်တော် ဩဂုတ် ၂၉

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် - ဩရိဿပြည်နယ် မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ပြီး အနောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ အိန္ဒိယနိုင်ငံ ဩရိဿ ပြည်နယ်မြောက်ပိုင်း - အနောက်ဘင်္ဂလားပြည်နယ်တို့သို့ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

## ❑ နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများ လျှော့ချနိုင်ရေးဆောင်ရွက်ရာတွင် အရေးကြီးသည့် ရေတိုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရသကဲ့သို့ ရေရှည်အတွက်လည်း စနစ်တကျသုံးသပ်တွက်ချက်ပြီး ပြင်ဆင်ဆောင်ရွက်သွားရန်လို

❖ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်သမ္မတသည် ရန်ကုန် – မအူပင် လမ်းကြောင်းအတိုင်း ညောင်တုန်းကျွန်းတာ တာကိုယ်ထည်ရေတိုက်စားမှုဖြစ်ပွားခဲ့သည့်နေရာသို့ သွားရောက်ပြီး လမ်းကြောင်းတစ်လျှောက် ရေဝပ်ဧရိယာဖြစ်ပေါ်နေမှုများ၊ ရေဆင်းလမ်းကြောင်း ပိတ်ဆို့နေမှုများ၊ ရေကျော်နေရာဖြစ်ပေါ်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)တာကိုယ်ထည် ရေတိုက်စားခံရမှု ယာယီတားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**လုပ်ငန်းဆောင်ရွက်နေမှုရှင်းလင်းတင်ပြ**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ညောင်တုန်းကျွန်းတာ တာကိုယ်ထည်ရေတိုက်စားမှုဖြစ်ပေါ်ခဲ့သည့်နေရာသို့ ရောက်ရှိကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်နှင့် တာဝန်ရှိသူများ၊ ဒေသခံရပ်မိရပ်ဖများနှင့် ပြည်သူများက တိုးမြစ်အတွင်းမြစ်ကြမ်းပြင် ရေတိုက်စားမှုအခြေအနေများ၊ ဧရာဝတီမြစ်ခွဲမှ ခွဲထွက်သွားသည့် တိုးမြစ်၏ အစပိုင်း ပေ ၄၅၀၀ ခန့်အကွာ၌ မြစ်ကွေ့နေရာတည်ရှိပြီး မြစ်ကွေ့နေရာ နှစ်မိုင်ခန့်အတွင်း ရေနက်စီးကြောင်းသည် မာယူ/ချောင်းဖျားကျေးရွာ၊ ချောင်းကြီးကျေးရွာ၊ ဂန်ချောင်းကျေးရွာနှင့် ထုံးဝကျေးရွာများသို့ ဦးတည်ရွေ့လျားပြောင်းလဲလာပြီး မြစ်ကမ်းပါးရေတိုက်စားမှုများကြောင့် နှစ်စဉ် ကမ်းပါးပြိုကျပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိသည့် အခြေအနေများ၊ ဂန်ချောင်းကျေးရွာအနီး မြစ်ရေတိုက်စားမှုကြောင့် နှစ်စဉ်ပေ ၁၅၀ မှ ၂၆၅ ပေခန့်အထိ မြစ်ကမ်းပါးပြိုကျမှုများဖြစ်ပေါ်ခဲ့ပြီး ၁၉၈၀ ပြည့်နှစ်မှ ယနေ့အထိ နှစ်ပေါင်း ၄၀ ကျော်အတွင်း စိုက်ပျိုးမြေများအပါအဝင် စုစုပေါင်းမြေဧရိယာ ၁၀၀၀ ကျော်ခန့်ပျက်စီးဆုံးရှုံးခဲ့ကာ မြစ်တစ်ဖက်ကမ်းတွင် မြေနုကျွန်းဧက ၈၅၀ ပေါ်ထွန်းတည်ရှိနေသည့်အခြေအနေများ၊ ဒေသတွင်းရေဘေးအန္တရာယ် ကာကွယ်နိုင်ရေးအတွက် မူလတာ၏ အနောက်ဘက်များတွင် ပန်းတာ၊ ဖြတ်တာများအား ၂၀၀၀–၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ယခုဘဏ္ဍာရေးနှစ်အထိ စုစုပေါင်း ၁၂ ခုခန့် ဆောင်ရွက်ပေးခဲ့သည့်အခြေအနေများ၊ ယခုညောင်တုန်းကျွန်းတာ တာကိုယ်ထည် ရေတိုက်စားမှုဖြစ်ပွားခဲ့မှုအား ကာကွယ်နိုင်ရေးအတွက် တာခြေတွင် တုတ်တန်းရိုက်သဲအိတ်ဖြည့်ခြင်း၊ သဲအိတ်ဖြင့် တာခြေထောက်ခြင်း၊ မူရင်းတာ $2^{nd}$ Bund Slope အခြေသဲအိတ်ထောက်ခြင်း၊ ယာယီပန်းတာတည်ဆောက်ခြင်း၊ ကမ်းရင်းတာ Bund Slope တည်ဆောက်ခြင်းနှင့် ယာယီပန်းတာ၏ အရှေ့ဘက်ဆင်ခြေလျှောတိုက်စားမှုကာကွယ်ရန် Geo Textile ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ပန်းတနော်မြို့နယ်ရှိ ဒေါင့်ကြီး၊ နံ့ဂါတ်၊ တောကျောင်း၊ ပေါက်ချောင်း၊ ကဇင်းတော၊ ကျောင်းစု၊ ကသဲဝင်ကျေးရွာများနှင့် မအူပင်မြို့နယ်ရှိ ချောင်းကြီး၊ ဂန်ချောင်း၊ လှည်းဆိပ်ကျေးရွာများ ကမ်းပြိုမှုကင်းဝေးရန်နှင့် ဧရာဝတီမြစ်ရေလမ်းဖွံ့ဖြိုးရေးအတွက် ရေရှည်ဆောင်ရွက်သင့်သည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တာပေါင်ပြုပြင်ရေးနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

**ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ**
**နှစ်စဉ်စီမံချက်များချမှတ်ဆောင်ရွက်**

တင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက လာမည့်နှစ်များအတွင်း ယခုကဲ့သို့ တာပေါင်များ ရေတိုက်စားမှုဖြစ်စဉ်များနှင့် ရေကြီးရေလျှံမှုဖြစ်စဉ်များ လျော့ကျစေရေးအတွက် မြစ်ကြောင်းများတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြစ်များ၊ မြစ်လက်တက်များ၊ ချောင်းများအားလုံး၏ ရေစီးရေလာမှုနှင့် ရေဝင်ရေထွက်မှုများ၊ မြစ်ကြမ်းခင်း Bed level များအား စဉ်ဆက်မပြတ် သုတေသနပြုမှတ်တမ်းတင်ခြင်း၊ ဆန်းစစ် လေ့လာခြင်း၊ လိုအပ်သည့် ရေကြောင်းပြုပြင်ထိန်းသိမ်းခြင်းနှင့် နုန်းဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ရေရှည်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် ရေကြီးရေလျှံမှုကြောင့် သဘာဝဘေးဒဏ်ဖြစ်ပွားမှုများကို ကြိုတင်တားဆီးကာကွယ်လျှော့ချခြင်းများ ဆောင်ရွက်နိုင်ကြောင်း၊ ရေစီးဆင်းရာလမ်းကြောင်းအတိုင်း စီးဆင်းနိုင်မှုမရှိခြင်းကြောင့်သာ ရေများအထက်မှ အောက်သို့မစီးဆင်းနိုင်ဘဲ ဘေးဘက်နေရာများသို့ တိုက်စားစီးဆင်းသွားခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြစ်ချောင်းများ၏ ရေစီးရေလာအခြေအနေများအား အမြဲမပြတ်လေ့လာ ဆန်းစစ်သုံးသပ်ပြီး လိုအပ်သည့်မြစ်ကြောင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နှစ်စဉ်စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေရန် လိုကြောင်း။

ရေလမ်းကြောင်းပေါ်ရှိ မြေနုကျွန်းများ တူးထုတ်ရှင်းလင်းခြင်းလုပ်ငန်းများကိုလည်း စနစ်တကျစီမံချက်ရေးဆွဲ ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း စက်သုံးဆီသုံးစွဲမှု အခက်အခဲမဖြစ်ပေါ်စေရေးအတွက် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားကို အသုံးပြုသည့် မြေတူးစက်များဖြင့်

*စာမျက်နှာ ၄ သို့*





ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)တာကိုယ်ထည် ရေတိုက်စားခံရမှု ယာယီတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ ကြည့်ရှုစစ်ဆေး

## တွံတေးမြို့နယ်ရှိ မွေးမြူရေးဇုန်များအတွင်း မွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၉** ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် တွံတေးမြို့နယ် မွေးမြူရေးဇုန် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဇုန်များအလိုက် ကော်မတီများဖွဲ့စည်းထားရှိမှု၊ မွေးမြူရေးဇုန်များကို အပိုင်းအလိုက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး မွေးမြူရေးဇုန်များအလိုက် ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ နွား၊ ငါးနှင့် ငုံးများ မွေးမြူထားရှိမှု၊ မွေးမြူရေးဇုန်များမှ အသား၊ ငါးနှင့် ဥများ ထုတ်လုပ်ရောင်းချနိုင်မှု၊ မွေးမြူရေးဇုန်များအတွက် ရေလုံလောက်စွာရရှိရေး နေရောင်ခြည်စွမ်းအင်သုံးရေတင်လုပ်ငန်းများဖြင့် ရေဖြန့်ဝေပေးလျက်ရှိမှု၊ ဇုန်များအလိုက် လျှပ်စစ်မီးလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးထားမှု၊ အရိပ်ရလေကာပင်များ စိုက်ပျိုးထားရှိမှု၊ မွေးမြူရေးဇုန်များအလိုက် တိရစ္ဆာန်အစာများ လုံလောက်စွာရရှိနိုင်ရေး အစာစပ်စက်ရုံများဖြင့် ထုတ်လုပ်ဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတော်အကြီးအကဲ တွံတေးမွေးမြူရေးဇုန်သို့ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူဦးရေ ၇ သန်းကျော် ၈ သန်းခန့်၏ နေ့စဉ် အသား၊ ငါး၊ ဥ အမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက် လိုအပ်ချက်များကို လုံလောက်စွာ ဖြည့်ဆည်း

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တွံတေးမြို့နယ် မွေးမြူရေးဇုန်အတွင်း ကြက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တွံတေးမြို့နယ် မွေးမြူရေးဇုန်အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၃ မှ*

ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီမြစ်အပါအဝင် မြန်မာနိုင်ငံအတွင်းရှိ မြစ်ချောင်းများတစ်လျှောက် သောင်တူးဖော်ခြင်းလုပ်ငန်းများကို လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် ရေကြီးရေလျှံမှုများကို များစွာလျော့ပါးစေနိုင်မည်ဖြစ်ကြောင်း၊ **နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများ လျှော့ချနိုင်ရေး ဆောင်ရွက်ရာတွင် အရေးကြီးသည့် ရေတိုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရသကဲ့သို့ ရေရှည်အတွက်လည်း စနစ်တကျသုံးသပ် တွက်ချက်ပြီး ပြင်ဆင်ဆောင်ရွက်သွားရန် လိုကြောင်း၊** မြစ်ချောင်းများတစ်လျှောက် ပိတ်ဆို့နိုင်သည့်နေရာများကို စနစ်တကျ ရှင်းလင်းဆောင်ရွက်သွားမည်ဆိုပါက ရေစီးဆင်းမှုများကောင်းမွန်ပြီး ရေကြီးရေလျှံမှုများကို များစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ တာကိုယ်ထည်မြစ်ကမ်းရေတိုက်စားမှုကြောင့် ပြိုကျမှုများကို အချိန်မီထိန်းသိမ်းပြုပြင်ဆောင်ရွက်သကဲ့သို့ အခြားတာရိုးများတစ်လျှောက် ရေတိုက်စားနိုင်သည့်နေရာများကိုလည်း ကြိုတင်ပြင်ဆင်ကာကွယ်ခြင်းများ ဆောင်ရွက်သွားကြရန် လိုကြောင်း။

လက်ရှိအချိန်တွင် **ကမ္ဘာ့နိုင်ငံအနှံ့အပြား၌ သဘာဝဘေးဒဏ်နှင့် ပတ်သက်၍ ဖြစ်စဉ်ဖြစ်ရပ်မျိုးစုံ ကြုံတွေ့ရလျက်ရှိပြီး လတ်တလောဖြစ်ပေါ်ခဲ့သည့် နီပေါနိုင်ငံတွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုဖြစ်စဉ်ကို သင်ခန်းစာယူ၍ ရာသီဥတုပြောင်းလဲမှု (Climate Change)၏ အကျိုးဆက်များကြောင့် ဖြစ်ပေါ်လာနိုင်သည့်ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားကာ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရေရှည်အကျိုးအတွက် စီမံတွက်ချက်ဆောင်ရွက်သွားကြရန်လိုကြောင်း။**

ယခုရေတိုက်စားမှုဖြစ်ပေါ်ခဲ့သည့် ညောင်တုန်းကျွန်းတာရေတိုက်စားမှု ယာယီတားဆီးကာကွယ်နိုင်ရေး ဆောင်ရွက်နေမှုများနှင့် ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်ရှိ ငဝန်တာတမံနိမ့်ကျမှုအပေါ် ရေတိုက်စားမှုကာကွယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများအား အမြန်ဆုံးပြီးစီးနိုင်ရေးအတွက်လည်း ရနိုင်သမျှသော အင်အားစုများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားရန် လိုကြောင်း။

တစ်ချိန်တည်း၌ပင် ရေကြီးရေလျှံမှုကြောင့် ဒေသခံပြည်သူများ၏ နေအိမ်၊ စိုက်ပျိုးရေးနှင့် လူမှုစီးပွားဘဝ ထိခိုက်မှုများကိုလည်း စနစ်တကျစစ်တမ်းကောက်ယူသွားရန်လိုကြောင်း၊ လိုအပ်သည့် ကူညီကယ်ဆယ်ထောက်ပံ့မှုများ အချိန်မီပေးအပ်နိုင်ရေးနှင့် ပြည်သူများ၏ နေထိုင်စားသောက်ရေးအခက်အခဲ မရှိစေရေး တာဝန်ရှိသူသက်ဆိုင်ရာဌာနများ အားလုံးကလည်း ဝိုင်းဝန်းကြိုးပမ်းပေါင်းစပ် ညှိနှိုင်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ရန်ကုန် – မအူပင်သွား ကားလမ်းဘေးဝဲယာတစ်လျှောက် ရေများမြောင်းပိတ်ဆို့မှု မဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသည့် အဖွဲ့အစည်းများက စနစ်တကျဖြင့် ရှင်းလင်းဆောင်ရွက်သွားရန် လိုကြောင်း၊ ရေထွက်လမ်းကြောင်းများ ကောင်းမွန်နေမှသာ ရေကြီးရေလျှံမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ကားလမ်းတစ်လျှောက် ရေကျော်သည့်နေရာများ၌ လမ်းသားမြှင့်တင်ခြင်းများကိုလည်း ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ညောင်တုန်းကျွန်းတာ တာကိုယ်ထည်ရေတိုက်စားမှု ဖြစ်ပွားခဲ့မှုအပေါ် ယာယီကာကွယ်နိုင်ရေးအတွက် တာခြေတွင် တုတ်တန်းရိုက် သဲအိတ်ဖြည့်ခြင်း၊ သဲအိတ်ဖြင့် တာခြေထောက်ခြင်း၊ မူရင်းတာ 2nd Bund Slope အခြေသဲအိတ်ထောက်ခြင်း၊ ယာယီပန်းတာ တည်ဆောက်ခြင်း၊ ကမ်းရင်းတာ Bund Slope တည်ဆောက်ခြင်းနှင့် ယာယီ ပန်းတာ၏ အရှေ့ဘက်ဆင်ခြေလျှောတိုက်စားမှုကာကွယ်ရန် Geo Textile ခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တာပေါင်ပြုပြင်ရာတွင် လက်ရှိအခြေအနေကိုသာ ဖြေရှင်းခြင်းမဟုတ်ဘဲ နောင်တွင် ရေမြင့်တက်လာသည့်အခြေအနေများကိုပါ ခံနိုင်ရည်ရှိစေရေး ထည့်သွင်းတွက်ချက်ကာ စနစ်တကျ ပြန်လည်တည်ဆောက်ပြုပြင်သွားရန်နှင့် လိုအပ်သည့် စက်ယန္တရား၊ လူအင်အားနှင့် ပစ္စည်းများကို စနစ်တကျစုစည်းအသုံးပြု၍ လုပ်ငန်းများအမြန်ပြီးစီးနိုင်ရေး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် တာပေါင်ပြုပြင်ရေးနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ဒေသခံပြည်သူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာ–ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားမှ ရန်ကုန်မြစ်အတွင်း မြစ်ကြောင်းထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၄ မှ*

ပေးနိုင်ရေး၊ ဈေးနှုန်းသက်သာစွာဖြင့် ပြည့်ပြည့်ဝဝ ဝယ်ယူစားသုံးနိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးဇုန်များကို အကောင်အထည်ဖော် ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ကြရာတွင် မြေပြင်အခြေခံ ကိန်းဂဏန်းအချက်အလက်များ ပြည့်စုံပြီးမှန်ကန်မှုရှိရေးသည် အဓိကကျပြီး ယင်းအချက်အလက်များကို အခြေခံတွက်ချက်၍ စီမံချက်များရေးဆွဲကာ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရကြောင်း၊ ပြည်သူများ သက်သာသော ဈေးနှုန်းများဖြင့် အသား၊ ငါးနှင့် ဥများလုံလောက်စွာ ဝယ်ယူစားသုံးနိုင်ရေး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများက စီမံတွက်ချက် လျာထားဆောင်ရွက်သွားရန် လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ချထားပေးသည့် မြေနေရာများအား အခြားနည်းများဖြင့် သုံးစွဲမှုများ မရှိအောင်လည်း စနစ်တကျ ကြပ်မတ် ဆောင်ရွက်နေရန် လိုကြောင်း။

**နည်းစနစ်တကျမွေးမြူ**

မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လှောင်မွေးခြင်း၊ လှန်မွေးခြင်းနှင့် လွတ်ကျောင်း၍ မွေးခြင်းဆိုသည့် မွေးမြူနည်း သုံးမျိုးရှိကြောင်း၊ ထိုသို့ မွေးမြူရာတွင်လည်း နည်းလမ်းများအလိုက် နည်းစနစ်တကျဖြင့် မွေးမြူရန်လိုကြောင်း၊ လှောင်မွေးခြင်းစနစ်ကို ဆောင်ရွက်ရာတွင်လည်း တိရစ္ဆာန်များကို အစာနှင့်ရေများ လုံလောက်စွာဖြင့် ပြည့်ပြည့်ဝဝကျွေးမွေးရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်း (၄)သွယ်သည် မဖြစ်မနေလိုအပ်ကြောင်း၊ မွေးမြူသည့် တိရစ္ဆာန် အမျိုးအစားအလိုက် မျိုးကောင်းမွန်မှသာ ထုတ်လုပ်မှုများ တိုးတက်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် မြေပြုပြင်ခြင်းလုပ်ငန်း၌ မြေဩဇာများ ထည့်သွင်းအသုံးပြုရသကဲ့သို့ မွေးမြူရေး လုပ်ငန်းတွင်လည်း တိရစ္ဆာန်အစာကို လုံလောက်စွာကျွေးမွေးနိုင်ရန် လိုအပ်သဖြင့် တိရစ္ဆာန်အစာများ လုံလောက်စွာထုတ်လုပ်နိုင်ရန် လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်ပျိုးရေနှင့် အောင်ရေ လုံလောက်စွာရရှိရန် လိုသကဲ့သို့ တိရစ္ဆာန်များအတွက်လည်း သန့်ရှင်းသောရေ လုံလောက်စွာ ရရှိရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများ နည်းစနစ်တကျ မွေးမြူပြီး အထွက်နှုန်းများ တိုးတက် ကောင်းမွန်လာစေရေး အကောင်အရေအတွက် အလိုက် လိုအပ်မည့် မွေးမြူမည့်နေရာပမာဏ၊ ရေ၊ အစာနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်၊ စဉ်ဆက်မပြတ်သည့် မွေးမြူထုတ်လုပ်မှုစသည်ဖြင့် စနစ်ကျနသည့် မွေးမြူရေးအစီအမံများ ရှိရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများအနေဖြင့် တွံတေးမြို့နယ်အတွင်းရှိ မွေးမြူရေးဇုန်များအတွင်း မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပြီး တိုင်းဒေသကြီးအတွင်း နေထိုင်သည့် ပြည်သူများ အသား၊ ငါးနှင့်ဥများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး စနစ်တကျ စီမံချက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မွေးမြူရေးဇုန်အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရန်ကုန်–တွံတေးသွား ကားလမ်းမကြီးတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြန်မာ–ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားသို့ ရောက်ရှိကြကာ နိုင်ငံတော်သမ္မတက ရန်ကုန်မြစ်အတွင်း မြစ်ကြောင်းထိန်းသိမ်းခြင်း လုပ်ငန်းများနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့နှင့် ပတ်သက်၍ တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဂျဲန်ဖန်နော်တောင် ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ဒုတိယအကြိမ်မြောက် နိုင်ငံတကာလွှတ်တော်များညီလာခံသို့တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၂၉**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးဂျဲန်ဖန်နော်တောင်နှင့် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၆) ဒေါက်တာကျော်ထွန်းတို့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ကျင်းပသည့် ဒုတိယအကြိမ်မြောက် နိုင်ငံတကာလွှတ်တော်များညီလာခံသို့ တက်ရောက်ရန် ဩဂုတ် ၂၅ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှထွက်ခွာခဲ့ပြီး ညပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Techo အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ ဆီးနိတ်လွှတ်တော်မှ တာဝန်ရှိသူများနှင့် မြန်မာသံရုံးမှ တာဝန်ရှိသူများက နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ဒုတိယဥက္ကဋ္ဌဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း ဩဂုတ် ၂၆ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E.Mr.Ouch Borith နှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဩဂုတ် ၂၇ ရက်တွင် ဒုတိယအကြိမ်မြောက် နိုင်ငံတကာလွှတ်တော်များ ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက မိန့်ခွန်းပြောကြားခဲ့သည်။




ပြည်ထောင်စု လွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ် အဖွဲ့သည် ဩဂုတ် ၂၈ ရက် ညပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Techo အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ လေဆိပ်၌ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

* *ရှေ့ဖုံးမှ*

အဆိုပါ မြစ်ကြီးနားမြို့အဝင် ကုန်စစ်ဆေးရေးစခန်းကို ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း စိုက်ပျိုးထွက်ရှိသည့် တစ်သျှူးငှက်ပျော၊ ဖရဲ၊ ငရုတ်၊ ရော်ဘာ စသည့် စိုက်ပျိုးရေး သီးနှံပို့ကုန်များနှင့် တစ်ဖက်နိုင်ငံမှ ခွင့်ပြုထားသည့် သွင်းကုန်များအား တရားဝင်ကုန်သွယ်မှုဖြင့် နိုင်ငံတော်အခွန်ငွေရရှိစေရေး၊ တရားမဝင် ကုန်သွယ်မှုများ ပပျောက်စေရေးအတွက် ယာယီမြေနေရာများ ကွင်းဆင်းရှာဖွေဆောင်ရွက်ခဲ့ရာ ယခုဖွင့်လှစ်သည့် မိုင်းနားကျေးရွာအတွင်း တောင်သူဦးတင်မြင့်ပိုင် မြေနေရာအတွင်းရှိ ကုန်ချိန်းကွင်းနေရာ၌ ကုန်စစ်ဆေးရေးစခန်းကို ဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါစခန်းဖွင့်ပွဲသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်အမှာစကား ပြောကြားပြီး ကုန်စစ်ဆေးရေးစခန်းဆိုင်းဘုတ်ကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ငြိမ်းချမ်းရေး အကျိုးတော်ဆောင်အဖွဲ့မှ ဦးယွပ်ဇော်ခေါင်တို့နှင့်အတူ ဖွင့်လှစ်ပေးကာ စခန်းအတွင်း တစ်ဖက်တရုတ်နိုင်ငံမှ တင်သွင်းလာသည့် ကုန်ပစ္စည်းများအား ဌာနဆိုင်ရာ အစုအဖွဲ့များက သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးဆောင်ရွက်နေမှုနှင့် ဌာနအလိုက် လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ကချင်ပြည်နယ် အတွင်း မြန်မာ–တရုတ် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို အဓိကဆောင်ရွက်နေသည့် ကံပိုင်တည်–မြစ်ကြီးနား – မန္တလေး လမ်းကြောင်းနှင့် လွယ်ဂျယ်–ဗန်းမော်–မန္တလေးလမ်းကြောင်းများသည် ၂၀၂၄ ခုနှစ်အတွင်း နယ်မြေလုံခြုံရေးအခြေအနေအရ ယာယီပိတ်ထားခဲ့ပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုကိုခံယူ၍ ကုန်သွယ်ရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် ၂၀၂၆ ခုနှစ် မတ်လအတွင်း ရွှေမိုးတောင် ဘုရားမုခ်ဦးမြေနေရာတွင် ယာယီဖွင့်လှစ်ဆောင်ရွက်ခဲ့ကာ အဆိုပါ ယာယီဖွင့်လှစ် ဆောင်ရွက်စဉ်ကာလအတွင်း သွင်းကုန်/ ပို့ကုန် ယာဉ်အစီးရေစုစုပေါင်း ၃၆၂၄ စီးတွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၅၄၇ သန်းကို ကုန်သွယ်မှု ဆောင်ရွက်နိုင်ခဲ့ကြောင်း ကုန်သွယ်ရေး ဦးစီးဌာနမှ သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက် အောင်ဇေရန်အောင် ဘုရားဝင်းအတွင်းရှိ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ မြစ်ကြီးနားမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ ခရစ်ယာန်အသင်းတော်ဘုရားကျောင်းမြေနေရာများနှင့် အလှူရှင်များ၏ မြေနေရာများတွင် ခိုလှုံနေထိုင်လျက်ရှိသော ယာယီတိမ်းရှောင်စခန်း ၂၀မှ အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ICJ အမှုနှင့်ပတ်သက်၍ ရမ်းတုတ်မှန်းတုတ် ဆောင်းပါးတစ်ပုဒ်အား တုံ့ပြန်ခြင်း

**ဥပဒေလေ့လာသူတစ်ဦး**

ဩစတြေးလျနိုင်ငံအခြေစိုက် Asia Pacific Center for the Responsibility to Protect မှ အကြီးတန်းသုတေသီ Yuyun Wahyuningrum က ဩစတြေးလျနိုင်ငံ Lowy Institute သုတေသနဌာနမှ လွှင့်တင်ထားသော The Interpreter အမည်ရှိ အင်တာနက်မီဒီယာဝက်ဘ်ဆိုက်တွင် "Starvation as a Weapon: The ICJ Myanmar Case Could Redefine Genocide" (အငတ်ထားခြင်းကို လက်နက်တစ်ခုအဖြစ်အသုံးပြုမှု၊ အပြည်ပြည်ဆိုင်ရာ တရားရုံး၏ မြန်မာနိုင်ငံအမှုသည် လူမျိုးသုဉ်းစေမှုကို ပြန်လည်၍ အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်စေနိုင်သည်) ဟူသော ဆောင်းပါးတစ်ပုဒ်ကို ပြီးခဲ့သည့် ဇူလိုင်လကုန်ပိုင်းက ရေးသားထားခဲ့ကြောင်း တွေ့ရှိသတိပြုမိပါသည်။

အပြည်ပြည်ဆိုင်ရာတရားရုံး၌ မြန်မာနိုင်ငံနှင့် ဂမ်ဘီယာနိုင်ငံတို့အကြားဖြစ်ပွားနေသော အမှုကိစ္စနှင့်ပတ်သက်၍ နောက်ဆုံးအပိုင်းဖြစ်သော နှစ်ဖက်နှုတ်ဖြင့် ထွက်ဆိုစစ်ဆေးမှုပြုလုပ်ခဲ့ပြီးနောက် တရားရုံး၏ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေချိန်တွင် ယခုဆောင်းပါးထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

သာမန်အားဖြင့်ကြည့်လျှင် ဤဆောင်းပါးသည် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ပတ်သက်သည့် သုံးသပ်ချက်တစ်ခုဟု ထင်မြင်ရသော်လည်း နောက်ကွယ်တွင် ဖုံးကွယ်ထားသော ရည်ရွယ်ချက်များ ရှိနိုင်သည်ကို မှန်းဆသိမြင်နေရသဖြင့် ယင်းဆောင်းပါးနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ ဥပဒေလေ့လာသူတစ်ဦး၏အမြင်ကို ထုတ်ဖော်တင်ပြရခြင်း ဖြစ်ပါသည်။

ဤဆောင်းပါးတွင် ဆောင်းပါးရှင်က လူမျိုးသုဉ်းစေမှု Genocide ဆိုင်ရာ နိုင်ငံတကာကွန်ဗင်းရှင်း၏ ပုဒ်မ(၂)(ဂ)ကို ရည်ညွှန်း၍ သူ၏ကိုယ်ပိုင်အမြင်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုရန် ကြိုးစားထားမှုကို တွေ့ရသည်။

အဆိုပါကွန်ဗင်းရှင်း၏ ပုဒ်မ(၂)မှာ လူမျိုးသုဉ်းစေမှုဟု သတ်မှတ်ခေါ်ဆိုနိုင်သောလုပ်ရပ်များကို ဖွင့်ဆိုထားခြင်းဖြစ်ပြီး ပုဒ်မ(၂)(ဂ)မှာ လူအုပ်စုတစ်စု (နိုင်ငံသား၊ လူမျိုး၊ မျိုးနွယ်စု သို့မဟုတ် ဘာသာရေးအုပ်စု) တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် "ယင်းအုပ်စု၏ ရုပ်ပိုင်းဆိုင်ရာ ရှင်သန်ရပ်တည်နိုင်ရေးအတွက် လိုအပ်သည့် အခြေခံအခြေအနေများကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခြင်း" နှင့် ပတ်သက်၍ ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။

ယင်းဆောင်းပါးတွင် မြန်မာနိုင်ငံနှင့် မိုင်ပေါင်းလေးထောင်ကျော် ဝေးကွာသော ဩစတြေးလျနိုင်ငံတွင်နေထိုင်သူ ဆောင်းပါးရှင်သည် မြန်မာနိုင်ငံနှင့် မိုင်ပေါင်းခုနစ်ထောင်ကျော်ဝေးကွာသော ဂမ်ဘီယာနိုင်ငံကဲ့သို့ပင် ပကတိမြေပြင်အခြေအနေဖြစ်ရပ်များနှင့် ကင်းကွာသည့် တစ်ဖက်သတ်သတင်းစကားအချက်အလက်များကို အခြေပြု၍ မြန်မာနိုင်ငံအပေါ် စွပ်စွဲမှုများ ပြုလုပ်ထားသည်ကို တွေ့ရသည်။

> ❒ **အပြည်ပြည်ဆိုင်ရာတရားရုံးသည် ကမ္ဘာပေါ်၌ အဆင့်အမြင့်ဆုံးတရားရုံးဖြစ်ပြီး ထိုသို့အပြင်ဘက်မှ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ထင်ရာမြင်ရာရေးသားမှုဖြင့် နိုင်ငံတကာ ကွန်ဗင်းရှင်းဥပဒေတစ်ရပ်ကို လိုရာဆွဲ၍ ပြန်လည်အဓိပ္ပာယ် ဖွင့်ဆိုသတ်မှတ်ပေးရန် အကြောင်းမရှိ**
>
> ❒ **အပြည်ပြည်ဆိုင်ရာတရားရုံး ပဋိညာဉ်ပုဒ်မ (၃၈)အရ အမှုစီရင်ဆုံးဖြတ်ရာ၌ အသုံးပြုရမည့် ဥပဒေ၊ ဓလေ့ထုံးတမ်းဥပဒေနှင့် အခြေခံသဘောတရားများ၊ စီရင်ထုံးများ စသည့်အချက်များ၌လည်း ဤအကြောင်းအရာမပါရှိပေ။ အပြည်ပြည်ဆိုင်ရာတရားရုံး ပဋိညာဉ်၏ ပုဒ်မ(၆၀) အရ တရားရုံး၏စီရင်ချက်သည် အပြီးသတ်ဖြစ်ပြီး စီရင်ချက်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်ပတ်သက်၍ အငြင်းပွားမှုရှိပါက အဓိပ္ပာယ်ဖွင့်ဆိုပေးရန် တောင်းဆိုပိုင်ခွင့်မှာ အမှုတွင် ပါဝင်ရင်ဆိုင်လျက်ရှိကြသော နိုင်ငံများထံ၌သာရှိ**

၎င်းက အမှု၏ပဓာနကိစ္စဖြစ်သော ၂၀၁၇ ခုနှစ် ARSA အကြမ်းဖက်အုပ်စုက ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသရှိ နယ်စပ်လုံခြုံရေးတပ်ဖွဲ့များကို လူအုပ်ဖွဲ့တိုက်ခိုက်ခဲ့ရာမှ ကျယ်ပြန့်သွားခဲ့သည့် ပဋိပက္ခဖြစ်ရပ်မတိုင်မီ ကာလရှည်ကြာစွာကပင် မြန်မာအစိုးရက ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို ပြဋ္ဌာန်း၍ ယင်းဒေသရှိ ဘင်္ဂါလီ(၎င်း၏အခေါ် ရိုဟင်ဂျာ) အုပ်စုများကို နိုင်ငံမဲ့ဖြစ်စေပြီး တမင်သက်သက် ရည်ရွယ်ချက်ဖြင့် နေထိုင်သွားလာပိုင်ဆိုင်မှုကိုကန့်သတ်၍ လုပ်ကိုင်၊ စားသောက်၍ မရဖြစ်စေကာ ငတ်မွတ်အောင် ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

တစ်ဖန် ၂၀၁၇ ခုနှစ် ဖြစ်ရပ်ကြောင့် ယင်းဒေသရှိ ဘင်္ဂါလီအချို့ တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားကြသောအခါ ထိုသူတို့ပိုင်ဆိုင်သည့် လယ်ယာများကို မြန်မာအစိုးရက သိမ်းယူပြီး စိုက်ပျိုးထားသည့် ကောက်ပဲသီးနှံများကို သိမ်းဆည်းခြင်း၊ အခြားသူများကို မြေခွဲဝေပေးခြင်းများ ပြုလုပ်ခဲ့သည်ဟု စွပ်စွဲခဲ့ပြန်သည်။

အဆိုပါစွပ်စွဲချက်များကို လေ့လာပါက ဆောင်းပါးရှင်သည် အကြီးတန်းသုတေသီဟု ဆိုသော်လည်း သတင်းအချက်အလက်များကို စနစ်တကျရှာဖွေစုဆောင်း ခွဲခြမ်းစိတ်ဖြာလေ့လာခဲ့ခြင်းမရှိဘဲ ရမ်းသန်းစွပ်စွဲမှုများနှင့် ရှေ့နောက်မညီမှုများကို တွေ့ရပေသည်။

ဥပမာအားဖြင့် ၁၉၈၂ ခုနှစ်နိုင်ငံသားဥပဒေသည် ယင်းဒေသရှိ ဘင်္ဂါလီအုပ်စုများကို နိုင်ငံမဲ့ဖြစ်စေရန် တမင်ပြုစုပြဋ္ဌာန်းခဲ့ခြင်းမဟုတ်ဘဲ နိုင်ငံသားဖြစ်မှုဆိုင်ရာစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများကို မြန်မာတစ်နိုင်ငံလုံးအတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ဥပဒေနှင့်အညီ နိုင်ငံသားဖြစ်ခွင့်ရှိသူတိုင်း ဧည့်နိုင်ငံသား၊ ပြုနိုင်ငံသား စသည်ဖြင့် နိုင်ငံသားဖြစ်ခွင့်ပေးထားပြီး ထိုဥပဒေအရ နိုင်ငံသားလက်မှတ် တစ်မျိုးမျိုး ကိုင်ဆောင်ထားသော ဘင်္ဂါလီနွယ်ဖွား များစွာရှိပြီးဖြစ်သကဲ့သို့ နိုင်ငံသားအဖြစ် စိစစ်သတ်မှတ်ပေးနိုင်ရန် လျှောက်ထားဆဲဦးရေမှာလည်း အများအပြားရှိနေသည်မှာ ပကတိအမှန်တရားဖြစ်၏။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး နောက်ပိုင်းကျမှ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများမှာမူ မည်သည့်လူမျိုးမဆို တရားမဝင် ဝင်ရောက်လာသူများအဖြစ်သာသတ်မှတ်၍ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်သာဖြစ်ပေသည်။ ကမ္ဘာပေါ်၌လည်း တရားမဝင် ဝင်ရောက်လာသူများနှင့်ပတ်သက်၍ မိမိတို့ဆိုင်ရာ လူဝင်မှုဥပဒေများဖြင့် အသီးသီးအရေးယူဆောင်ရွက်ကြသည်သာဖြစ်၏။

ဩစတြေးလျနိုင်ငံ၌လည်း တရားမဝင် ဝင်ရောက်လာသူများကို တင်းကျပ်စွာစိစစ်ပြီး ဩစတြေးလျနိုင်ငံအတွင်း၌ ထိန်းသိမ်းရေးစခန်း ခုနစ်ခုအပြင် နိုင်ငံပြင်ပဖြစ်သော နော်ရူးကျွန်း၌လည်း ငွေပေး၍ နေရာငှားရမ်းကာ စခန်းဆောက်လုပ်ထားရှိနေသည်ကို တွေ့ရမည်ဖြစ်ပေသည်။ ထိုသူတို့သည် ယင်းစခန်းများမှ လွတ်လပ်စွာထွက်ခွာ၍ သွားလာခွင့်၊ လယ်ယာလုပ်ကိုင်ခွင့်များ ရရှိကြပါသလောဟုမေးလျှင် ထိုဆောင်းပါးရှင် မည်သို့ဖြေကြားမည်ကို သိလိုလှမိသည်။

မြန်မာနိုင်ငံတွင် ဘူးသီးတောင်၊ မောင်တောအပါအဝင် ဒေသများ၌ ဆောင်းပါးရှင် ကိုယ်တိုင်ဝန်ခံထားသကဲ့သို့ ဘင်္ဂါလီနွယ်ဖွားများသည် လယ်ယာလုပ်ကိုင်ခွင့်၊ ငါး၊ ပုစွန်မွေးမြူရေးကန်များ လုပ်ကိုင်ခွင့်ရရှိကြသလို အချို့မှာ မြို့ကြီးများ၌ လုပ်ငန်းရှင်ကြီးများအဖြစ်ပင် ရောက်ရှိနေကြသည်ကို မြန်မာနိုင်ငံသားများက သိရှိကြပါသည်။

ထိုသို့ မှားယွင်းသောအချက်အလက်များကို အခြေခံ၍ ဆောင်းပါးရှင်က စွပ်စွဲထားသည့်အပြင် ဥပဒေဆိုင်ရာနှင့်ပတ်သက်၍လည်း သူ၏သိနားလည်မှုမှာ အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့် ဝေးကွာဆဲဖြစ်ကြောင်း တွေ့ရပြန်သည်။

လူမျိုးသုဉ်းစေမှုကဲ့သို့သော အလွန်အရေးကြီးသည့် ပြစ်မှုများ၌ သက်သေပြချက်များသည် သံသယဖြစ်ဖွယ် တစိုးတစိမျှမရှိရလေအောင် (Beyond reasonable doubt) ခိုင်လုံမှုရှိရမည်ဟု အပြည်ပြည်ဆိုင်ရာ တရားစီရင်ထုံးများက လက်ခံထားကြသည်။ ပြစ်မှုတစ်ခုနှင့်ပတ်သက်၍ ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်မှုကျူးလွန်ရန် တမင်ရည်ရွယ်ချက် (Mens Rea) ရှိကြောင်း၊ ထိုရည်ရွယ်ချက်ကို အထမြောက်အောင် တမင်လုပ်ဆောင်မှု (Actus Reus) ရှိကြောင်း ခိုင်လုံစွာ သက်သေပြရမည်ဖြစ်သည်။ "၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေပြဋ္ဌာန်းမှုက လူအုပ်စုတစ်စုကို ငတ်မွတ်မှုဖြစ်စေရန် တမင်ရည်ရွယ် လုပ်ဆောင်ခြင်းဖြစ်သည်" ဟု ဆောင်းပါးရှင်၏ရေးသားမှုမှာ အထက်ပါဥပဒေထုံးစံများနှင့် အလှမ်းကွာလှပြီး လမ်းဘေးမှ လူပြိန်းတစ်ဦး၏မလိုတမာ စွပ်စွဲပြောဆိုမှုအဆင့်ထက် များစွာမပိုလှပေ။

ထို့အပြင် အပြည်ပြည်ဆိုင်ရာတရားရုံးသည် ကမ္ဘာပေါ်၌ အဆင့်အမြင့်ဆုံးတရားရုံးဖြစ်ပြီး ထိုသို့အပြင်ဘက်မှ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ထင်ရာမြင်ရာ ရေးသားမှုဖြင့် နိုင်ငံတကာ ကွန်ဗင်းရှင်းဥပဒေတစ်ရပ်ကို လိုရာဆွဲ၍ ပြန်လည်အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ပေးရန် အကြောင်းမရှိပေ။

အပြည်ပြည်ဆိုင်ရာတရားရုံး ပဋိညာဉ် ပုဒ်မ (၃၈)အရ အမှုစီရင်ဆုံးဖြတ်ရာ၌ အသုံးပြုရမည့် ဥပဒေ၊ ဓလေ့ထုံးတမ်းဥပဒေနှင့် အခြေခံသဘောတရားများ၊ စီရင်ထုံးများ စသည့်အချက်များ၌လည်း ဤအကြောင်းအရာမပါရှိပေ။ အပြည်ပြည်ဆိုင်ရာတရားရုံး ပဋိညာဉ်၏ ပုဒ်မ(၆၀) အရ တရားရုံး၏စီရင်ချက်သည် အပြီးသတ်ဖြစ်ပြီး စီရင်ချက်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်ပတ်သက်၍ အငြင်းပွားမှုရှိပါက အဓိပ္ပာယ်ဖွင့်ဆိုပေးရန် တောင်းဆိုပိုင်ခွင့်မှာ အမှုတွင် ပါဝင်ရင်ဆိုင်လျက်ရှိကြသော နိုင်ငံများထံ၌သာ ရှိလေသည်။

သို့ပါလျက် ဤကဲ့သို့ တာဝန်မရှိသူတစ်ဦးက ဤအမှုကိစ္စတွင် မဆီမဆိုင် ဝင်ရောက်ပြောကြားနေမှုမှာ ဥပဒေအကြောင်းခြင်းရာများကိုလည်း သေချာစွာမလေ့လာ၊ ပကတိမြေပြင်ရှိ အမှန်တရားများကိုလည်း သေချာမသိဘဲ တောရမ်းပယ်ဖွဲ့ ထင်ကြေးများဖြင့် မဟုတ်မတရား စွပ်စွဲခြင်းသာဖြစ်ကြောင်း ထင်ရှားနေပေသည်။

မြေပြင်အခြေအနေတွင် ရခိုင်ပြည်နယ်၌ အစိုးရက တာဝန်ယူစီမံခန့်ခွဲလျက်ရှိသော နေရပ်စွန့်ခွာသူများအတွက် စောင့်ရှောက်ရေးစခန်းများတွင် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီအထောက်အပံ့ကို ရရှိကြသကဲ့သို့ ဥပဒေနှင့်အညီ လွတ်လပ်စွာ အလုပ်လုပ်ကိုင်၊ အသက်မွေးဝမ်းကျောင်းခွင့်၊ ပညာသင်ကြားခွင့်၊ ဆေးဝါးကုသခွင့်နှင့် ကိုးကွယ်ဝတ်ပြုခွင့်များလည်းရရှိကြပြီး လူမျိုးသုဉ်းရန်ဝေးစွ၊ လူဦးရေပင် မှန်မှန်ကြီး တိုးပွားလျက်ရှိကြောင်း နိုင်ငံတကာမှ သံတမန်များ၊ သတင်းစာသမားများကိုယ်တိုင် မျက်မြင်တွေ့ရှိကြစေရန် ခေါ်ယူဖိတ်ကြားပြသခဲ့ပြီးဖြစ်သည်။ လုံခြုံရေးအခြေအနေအရ ယာယီတိုက်ပွဲရှောင်လာသူများကိုလည်း လူမျိုး၊ ဘာသာမခွဲခြားဘဲ ကာကွယ်စောင့်ရှောက်ထောက်ပံ့ပေးလျက်ရှိသည်။

သို့သော်လည်း အဆိုပါဆောင်းပါးရှင်သည် အင်အားကြီးမားသော မီဒီယာစွမ်းအားကို အလွဲသုံးစားပြုလျက် အမှန်တရားကို ဥပေက္ခာပြုကာ မမှန်သတင်းအချက်အလက်များဖြင့် မှိုင်းတိုက်၍ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအပေါ် နိုင်ငံတကာက အထင်အမြင်လွဲမှားသေးသိမ်အောင် တမင်သက်သက်ဆောင်ရွက်နေခြင်းသာဖြစ်မည်ဟု ယူဆရဖွယ်ရှိပေသည်။ ထိုသို့ မဟုတ်မမှန် လုပ်ကြံပြောဆိုမှုကို မတုံ့ပြန်ဘဲထားရှိပါက အမှားကြာလျှင် အမှန်ထင်သွားတတ်သည့်အတွက် အမှားတွေ့လျှင် အမှန်ပြင်ရမည့် တာဝန်ကိုယူကာ ရေးသားဖြေရှင်းလိုက်ရခြင်းဖြစ်ပါသတည်း။

> **❝ မြေပြင်အခြေအနေတွင် ရခိုင်ပြည်နယ်၌ အစိုးရက တာဝန်ယူစီမံခန့်ခွဲလျက်ရှိသော နေရပ်စွန့်ခွာသူများအတွက် စောင့်ရှောက်ရေးစခန်းများတွင် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီအထောက်အပံ့ကို ရရှိကြသကဲ့သို့ ဥပဒေနှင့်အညီ လွတ်လပ်စွာ အလုပ်လုပ်ကိုင်၊ အသက်မွေးဝမ်းကျောင်းခွင့်၊ ပညာသင်ကြားခွင့်၊ ဆေးဝါးကုသခွင့်နှင့် ကိုးကွယ်ဝတ်ပြုခွင့်များလည်းရရှိကြပြီး လူမျိုးသုဉ်းရန်ဝေးစွ၊ လူဦးရေပင် မှန်မှန်ကြီး တိုးပွားလျက်ရှိကြောင်း နိုင်ငံတကာမှ သံတမန်များ၊ သတင်းစာသမားများကိုယ်တိုင် မျက်မြင်တွေ့ရှိကြစေရန် ခေါ်ယူဖိတ်ကြားပြသခဲ့ပြီးဖြစ်ကာ လုံခြုံရေးအခြေအနေအရ ယာယီတိုက်ပွဲရှောင်လာသူများကိုလည်း လူမျိုး၊ ဘာသာမခွဲခြားဘဲ ကာကွယ်စောင့်ရှောက်ထောက်ပံ့ပေးလျက်ရှိ ❞**

# Cyber Security Awareness Video Competition - 2026 (University Level) ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၉**

Cyber Security Awareness Video Competition–2026 (University Level) ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ၊ ဒီဂျစ်တယ်နှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲနှင့် Myanmar Cyber Security Challenge – 2026 (MCSC–2026) ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် ၅ နှင့် ရုံးအမှတ် ၂ တို့၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ယနေ့ခေတ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုသည် သီးခြားစီ မဟုတ်တော့ဘဲ တစ်ခုနှင့်တစ်ခု အပြန်အလှန် ချိတ်ဆက်နေသော ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအင်အားများ ဖြစ်လာကြောင်း၊ ဒီဂျစ်တယ်နည်းပညာကို နည်းပညာအသုံးချမှု တစ်ခုအဖြစ်သာ မမြင်ဘဲ စီးပွားရေးတိုးတက်မှု၊ ပြည်သူ့ဝန်ဆောင်မှုကောင်းမွန်မှု၊ လူမှုဘဝတိုးတက်မှုနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများကို အရှိန်မြှင့်ပေးနိုင်သည့် ဖွံ့ဖြိုးတိုးတက်ရေး အင်အားစုတစ်ရပ်အဖြစ် အသုံးချသွားရန်ဖြစ်ကြောင်း၊ ချိတ်ဆက်မှုရှိသော၊ အားလုံးပါဝင်နိုင်သော၊ ဆန်းသစ်တီထွင်မှုကို အားပေးသည့် လုံခြုံစိတ်ချရပြီး ယုံကြည်စိတ်ချရသော ဒီဂျစ်တယ်ဂေဟစနစ်တစ်ရပ် ပေါ်ပေါက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ Cyber Security Awareness Video Competition – 2026 (University Level) ပြိုင်ပွဲတွင် ပထမဆုရရှိသော အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)မှ မောင်ကောင်းခန့်ကျော်စွာ၊ ဒုတိယဆုရရှိသော အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ မယုယတွယ်တာဦး၊ တတိယဆုရရှိသော ရန်ကုန်နည်းပညာတက္ကသိုလ်မှ မချောသီရိခိုင်၊ နှစ်သိမ့်ဆုရရှိသော ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ မောင်အောင်ထင်နှင့် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်မှ မောင်ထူးမြတ်မင်းအိမ်တို့အား ဂုဏ်ပြုဆုပေးအပ်ပြီး အကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ကာ Myanmar Cyber Security Challenge– 2026 ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယခု ဆိုက်ဘာလုံခြုံရေး အသိပညာပေးဗီဒီယိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဗီဒီယိုဖိုင်အား Cyber Security Brunei က တာဝန်ယူဆောင်ရွက်သော ASEAN–Japan Cyber Security Awareness Video Competition 2026 တွင် မြန်မာနိုင်ငံ ကိုယ်စားပြုယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

Myanmar Cyber Security Challenge – 2026 ပြိုင်ပွဲကို တပ်မတော်နည်းပညာတက္ကသိုလ်၊ Naypyitaw State Academy ၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ မန္တလေးကွန်ပျူတာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ် (ပြည်)၊ ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)၊ ကွန်ပျူတာတက္ကသိုလ် (သထုံ)၊ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး) နှင့် Polytechnic တက္ကသိုလ်(မအူပင်)တို့မှ အသင်း ၂၅ သင်း၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး သတင်းအချက်အလက်နည်းပညာတက္ကသိုလ်မှ TiNiNi အသင်းက ပထမ၊ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်မှ Z4_N@7_K4 အသင်းက ဒုတိယနှင့် သတင်းအချက်အလက်နည်းပညာတက္ကသိုလ်မှ Team_Mahawthadar အသင်းက တတိယရရှိခဲ့ကြပြီး ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆုရရှိသူများကို ဆုများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဖလမ်းမြို့ ပြည်သူ့ဆေးရုံအပျက်အစီးများ ရှင်းလင်းဖယ်ရှားမှု တပ်မတော်သားများနှင့်ဒေသခံပြည်သူများ စုပေါင်းဆောင်ရွက်

**ဖလမ်း ဩဂုတ် ၂၉**



အကြမ်းဖက် ဖြစ်စဉ်များကြောင့် ဖလမ်းမြို့ ပြည်သူ့ဆေးရုံရှိ နှစ်ထပ်လူနာဆောင်၊ ဖျားနာဆောင်၊ ဓာတ်မှန်၊ ဓာတ်ခွဲခန်း၊ Oxygen Plant ၊ ခွဲစိတ်ဆောင် (အဟောင်း)၊ သားဖွားမီးယပ်ဆောင်(အဟောင်း)၊ အရိုးကုသဆောင်(အဟောင်း)နှင့် ဆေးစတိုခန်းများ အလုံးစုံပျက်စီးခဲ့ပြီး အပျက်အစီးများကို နယ်မြေခံတပ်မှ တပ်မတော်သားများနှင့် ဒေသခံပြည်သူများက လူအား၊ စက်အားဖြင့် ရှင်းလင်းဖယ်ရှားဆောင်ရွက်ခဲ့သည်။

ထိုသို့ အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုကို ယနေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များ၊ ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌတို့နှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ထာဝရဘုရားထံ ဖလမ်းမြို့ ပြန်လည်ဆက်ကပ်အပ်နှံခြင်း ဆုတောင်းပွဲ အခမ်းအနားကို ဖလမ်းနှစ်ခြင်းအသင်းတော်၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားပြီး ဆုတောင်းပွဲ ညစာစားပွဲအတွက် ဆန် ငါးအိတ်နှင့် ဆီ ၁၀ ပိဿာ ပေးအပ်လှူဒါန်းသည်။

အလားတူ တီးတိန်မြို့ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် တီးတိန်မြို့ သန့်ရှင်းသာယာလှပရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ စုစုပေါင်းအင်အား ၂၅၀ ဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

ထို့အတူ တွန်းဇံမြို့ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး လုပ်ငန်း ကော်မတီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ခေါဝုန်လေးဆန်ရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ ဆေးရုံဝင်းအတွင်း နယ်မြေခံ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဥပဒေရေးရာဝန်ကြီးဌာန၏ (၅)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**မော်လမြိုင် ဩဂုတ် ၂၉**

၂၀၂၆ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ကျရောက်မည့် (၅)နှစ်မြောက် ဥပဒေရေးရာဝန်ကြီးဌာန နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၊ သွေးလှူဘဏ်၌ ကျင်းပရာ ပြည်နယ်ဥပဒေချုပ် ဦးဆောင်မှုဖြင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဥပဒေရုံးရှိ အရာထမ်း ဝန်ထမ်းများက စုပေါင်းသွေးလှူဒါန်းခဲ့ကြပြီး သွေးလှူဒါန်းကြသည့် ဝန်ထမ်းများအား ပြည်နယ်ဥပဒေချုပ် ဒေါ်မိသန္တာမြင့်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး အားဆေးများ၊ ကြက်ဥ၊ အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



## ပဲခူး၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UIDကတ်များ ပြုလုပ်ပေး



**ပဲခူး ဩဂုတ် ၂၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက ပဲခူးမြို့နယ် လက်ပံဝင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ အသက် ၁၀ နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ပဲခူးမြို့နယ် ဦးစီးမှူး ဦးခင်မောင်တို့က လိုက်လံကြည့်ရှုအားပေးပြီး အသက် ၁၀ နှစ်ပြည့် ကျောင်းသား ကျောင်းသူ ၁၉၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပြုလုပ်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်ထက်**

## ရွှေကျင်နှင့် ဘီးလင်းမြစ်ရေ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၂၉**

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ခုနစ်လက်မခန့် အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁၀ လက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်နှင့် ဘီးလင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# MSME များအတွက် ဈေးကွက်ဆန်းစစ်ခြင်းနည်းလမ်း သင်တန်းဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၂၉**

MSME များအတွက် ဈေးကွက်ဆန်းစစ်ခြင်းနည်းလမ်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက လုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်သုတေသနလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ပြီးမှသာ ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျှင် **"ထုတ်ပြီးမှ ဈေးကွက်ရှာသူ"** မဟုတ်တော့ဘဲ **"ဈေးကွက်သိပြီးမှ ထုတ်လုပ်သူ"** ဖြစ်လာမည်ဖြစ်ကြောင်း၊ စီးပွားရေး လုပ်ငန်းတစ်ခု စတင်ဆောင်ရွက်လျှင် အကျိုးအမြတ်ကို ဦးစွာစဉ်းစားပြီး ကုန်ပစ္စည်းထုတ်လုပ်ခြင်းထက် ဈေးကွက်အခြေအနေကို သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းရှင်များအား နည်းပညာရရှိရေး၊ နည်းပညာကို အသုံးပြုနိုင်သည့် ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်ပေးရေး၊ ထုတ်ကုန်များ အရည်အသွေးနှင့် စံချိန်စံညွှန်း ပြည့်မီအောင် မြှင့်တင်ပေးရေး၊ ပြည်တွင်းနှင့် ပြည်ပဈေးကွက်များတွင် အမှန်တကယ် ဝင်ရောက်ရောင်းချနိုင်အောင် ချိတ်ဆက်ပေးရေးတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ MSME များသည် ရေရှည်တည်တံ့စွာ တိုးတက်နိုင်မည်ဖြစ်ကြောင်းပြောကြားပြီး သင်တန်းနည်းပြဆရာ ဆရာမများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

သင်တန်းဖွင့်ပွဲအပြီးတွင် သုတေသနဌာနခွဲ (ပြင်ဦးလွင်) အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် သွားရောက် တွေ့ဆုံဆွေးနွေးပြီး သုတေသနဌာနခွဲတွင် MSME ထုတ်ကုန်များ၏ အရည်အသွေး စမ်းသပ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။(ဝဲပုံ)

**သတင်းစဉ်**



❑ *ရှေ့ဖုံးမှ*

ထိုသို့ ပြင်ဆင်ဆောင်ရွက်နေမှုများကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကံမြင့်သန်းသည် ကော်မတီဝင်များနှင့်အတူ ယနေ့မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် မသန်စွမ်း ဧည့်သည်များအတွက် အဆောက်အအုံများ ပြင်ဆင်ဆောက်လုပ်ရာတွင် တစ်ဦးချင်းသွားလာနိုင်မည့် အနေအထား၊ လက်ကိုင်တန်း၊ Wheel Chair များ ပြင်ဆင်ထားရန်၊ လမ်းမီးများနှင့် အခန်းအတွင်းရှိ လျှပ်စစ်မီးများ ကောင်းမွန်စေရေး ဂရုပြုဆောင်ရွက်ပေးရန်၊ ထိုင်ခုံနှင့် စားပွဲများ သီးခြားပြုလုပ်ဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များအတွက် အိပ်ဆောင်များ ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လွှတ်တော်ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန် - ပြည်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၉**

ရန်ကုန်-ပြည်ရထားလမ်းပိုင်းတွင် DEMU ရထားများ ပြေးဆွဲနေပြီဖြစ်သဖြင့် ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေး၊ ရထားများ အချိန်မှန်ကန်ရေး အတွက် မြန်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရန် ရထားလမ်းပိုင်း အဆင့်မြှင့်တင်ပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်နေမှုကို ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်သည် ယနေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်-ပြည်ရထားလမ်းပိုင်း အရှည် ၁၆၁ မိုင်တွင်(ALLTM) စက်ကြီး လေးစီးဖြင့် ရထားလမ်းမြှောက် ပါကင်ရိုက်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် စုစုပေါင်း ၁၂၁ မိုင် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျန်ရှိသည့် မိုင် ၄၀ ကို ယခုနှစ် စက်တင်ဘာ ၃ ရက်တွင် ပြီးစီးရေး လျာထားဆောင်ရွက်ရန်၊ ထို့အတူ ရန်ကုန်-ပြည် ရထားလမ်းပိုင်း အတွင်း ၉ ချောင်းဆက် သံလမ်းခင်းခြင်းလုပ်ငန်းမှာ တညင်းကုန်းဘူတာမှ ဖလုံဘူတာအထိ ၃၇ မိုင်နှင့် ပြည်ဘူတာမှ ဇီးကုန်းဘူတာ အထိ ၄၃ မိုင် စုစုပေါင်း မိုင် ၈၀ ပြီးစီးပြီဖြစ်၍ ကျန်ရှိသည့် ဖလုံဘူတာမှ ဇီးကုန်းဘူတာအထိ ၆၈ ဒသမ ၅ မိုင်အား ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အပြီး ဆောင်ရွက်နိုင်ရန် မှာကြားသည်။

ထို့ပြင် Automatic Leveling, Lining & amp; Tamping Machine (ALLTM) စက်ကြီးဖြင့် နတ်တလင်း – ပေါင်းတည် ဘူတာကြားတွင်လည်းကောင်း၊ သဲကုန်း-ဆင်မြီးဆွဲကြားတွင်လည်းကောင်း၊ ဆင်မြီးဆွဲ – မော်ဇာကြား၊ မော်ဇာလမ်းဆုံနှင့် ပြည်ဘူတာကြားတွင်လည်းကောင်း အဆင့်မြှင့်တင်ပြုပြင်နေမှုကိုလည်း ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ကလည်း ရန်ကုန်-တိုးကြောင်ကလေး-ဒဂုံတက္ကသိုလ် ရထားလမ်းပိုင်း တစ်လျှောက် ရထားလမ်းကြံ့ခိုင်မှု၊ ဒဂုံတက္ကသိုလ်ဘူတာပြင်ဆင်နေမှု၊ တိုးကြောင်ကလေး – သီလဝါရထားလမ်းပိုင်း တစ်လျှောက် ရထားလမ်းများ၏ ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# တံတားဦးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေး

**တံတားဦး ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တံတားဦးမြို့နယ် ဦးစီးမှူးရုံးမှ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ၇၈ ကတ်နှင့် Biometric data ကောက်ယူ၍ UID ကတ် ၇၈ ကတ် ထုတ်ပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့မအလကကျောင်း၌ ကျင်းပရာ ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူနှင့် တာဝန်ရှိသူများ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်း၊ မြို့နယ်သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များက ရေကြီးရေလျှံမှုဖြစ်ပွားလာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေး အမြန်ဆုံး တုံ့ပြန်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်ထားရှိမှုကို ဩဂုတ် ၂၈ ရက်က ကြည့်ရှုစစ်ဆေးစဉ်။ မြင့်မြင့်ရီ



# သနပ်ပင်မြို့နယ် ကမာစဲကျေးရွာ၌ မြစိမ်းရောင်အတိုးရငွေဖြင့် ကျေးရွာအတွင်း ဂဝံလမ်းခင်းပြီးစီး

**သနပ်ပင် ဩဂုတ် ၂၉**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကမာစဲကျေးရွာ မြစိမ်းရောင် (ငါးကဏ္ဍ)၏ စီမံကိန်းအတိုးရငွေမှ ငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာအတွင်းရှိ ဂဝံလမ်း နှစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းကို ယနေ့နံနက်ပိုင်းက ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသန်းလင်း၊ မြို့နယ်ငါးလုပ်ငန်းဌာနမှူး ဒေါ်ဆွေဆွေဝင်းနှင့် ဝန်ထမ်းများက ကမာစဲကျေးရွာမြစိမ်းရောင်(ငါးကဏ္ဍ) ဖွံ့ဖြိုးရေးကျေးရွာစီမံကိန်း ကော်မတီအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေမှ ကျေးရွာအတွင်း ကျောင်းလမ်း (ပေ၄၀၀-၁၂ပေ-၆ပေ)နှင့် ကန်ညီနောင်လမ်း (ပေ၆၀၀-၁၂၆ပေ)ဂဝံလမ်း နှစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။ **မြို့နယ်(ပြန်/ဆက်)**



# ပြည်ပတွင်အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများ မိသားစုလွှဲပို့ငွေများကို တရားဝင်လမ်းကြောင်းမှ လွှဲပို့နိုင်ရေးဆွေးနွေး

**ရန်ကုန် ဩဂုတ် ၂၉**

ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသည့် ရွှေ့ပြောင်းလုပ်သားများ၏ မိသားစုလွှဲပို့ငွေများကို တရားဝင်လမ်းကြောင်းမှ လွှဲပို့ခြင်းသည် ၎င်းတို့မိသားစုများ၏ လူမှုစီးပွားဘဝအတွက် အထောက်အကူဖြစ်စေနိုင်သည့်အပြင် နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေပိုမိုရရှိနိုင်ခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်စေနိုင်ခြင်းကြောင့် လုပ်သားများက တရားဝင်လမ်းကြောင်းမှ လွှဲပို့စေရေး အေဂျင်စီများအနေဖြင့် တာဝန်ရှိမှုတာဝန်သိမှုဖြင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်လျက်ရှိသည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများမှ မန်နေဂျင်းဒါရိုက်တာများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ မြဝတီမီဒီယာစင်တာခန်းမ၌ ကျင်းပခြင်းဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးက ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တာဝန်ယူစေလွှတ်ခဲ့သည့် အလုပ်သမားတစ်ဦးချင်း၏ လုပ်ခလစာမှ မိသားစုလွှဲပို့ငွေ ၂၅ ရာခိုင်နှုန်းကို ပြည်တွင်းရှိ မိသားစုဝင်များထံ တရားဝင်လွှဲပို့စေရေး အေဂျင်စီနှင့် အလုပ်သမားအကြား သဘောတူညီချက် စာချုပ်ချုပ်ဆိုခြင်းကို ၂၀၁၃ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ကြောင်း၊ အေဂျင်စီများအနေဖြင့် လုပ်သားများက မိသားစုလွှဲငွေများ တရားဝင်လမ်းကြောင်းမှ လွှဲပို့စေရေးကို တာဝန်ရှိမှု တာဝန်သိမှုဖြင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားပြီး တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။




ထို့ပြင် Authorized Dealer (AD) လိုင်စင်ရနိုင်ငံပိုင်ဘဏ်များနှင့်တွေ့ဆုံ၍ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ပြည်ပရောက်အလုပ်သမားများ၏ လွှဲပို့ငွေများ အချက်အလက်အတိအကျရရှိစေရေးနှင့် လွယ်ကူသောလွှဲပို့မှုစနစ်ဖြစ်ပေါ်လာစေရေး မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့်ပူးပေါင်း၍ ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်လျက်ရှိပြီး မိသားစုလွှဲပို့ငွေ စီမံခန့်ခွဲမှုစနစ် (Family Remittance Management–FRMS) စနစ်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အလုပ်သမားဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ သက်ဆိုင်ရာဘဏ်များ၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ စတုတ္ထနေ့ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၉**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၁၉) ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊




ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ဦးစွာ နံနက်ပိုင်းတွင် (၁၉) ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲမှ မြန်မာ့ရိုးရာယဉ်ကျေးမှု အကပြိုင်ပွဲမှ စိတ်ကြိုက်ယိမ်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အဖွဲ့ခြောက်ဖွဲ့က ဒို့တောရွာ၊ လက်ခတ်သံ၊ လယ်တောသူ၊ ရွှေညာသူသီချင်းများဖြင့်လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အကပြိုင်ပွဲမှ နှစ်ပါးသွား အကပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အဖွဲ့လေးဖွဲ့က သစ္စာထား နှစ်ပါးသွားအကအလှများဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲမှ မြန်မာဆိုင်း (အဖွဲ့လိုက်)ပြိုင်ပွဲကို ပြိုင်ပွဲဝင်အဖွဲ့ငါးဖွဲ့က မြိုင်ဆိုင်မြူးကြွလှသော တီးလုံးလက်သံများဖြင့်လည်းကောင်း၊ အတီးပြိုင်ပွဲတစ်ဦးချင်း (မောင်း) ပြိုင်ပွဲတွင်ပြိုင်ပွဲဝင် ၁၀ ဦးက ပန်းဟေဝန်သီချင်းဖြင့်လည်းကောင်း၊ အတီးပြိုင်ပွဲ (ပတ်ဝိုင်း)ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ခုနစ်ဦးက အောင်မင်္ဂလာယိုးဒယားသီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်တီးခတ်ကြသည်။

အလားတူ ညပိုင်းတွင် နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲများက အငြိမ့်နှင့် ပြဇာတ်များကို ပါဝင်ကပြယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

ယနေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား) သုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲအကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင်ကရင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ ပိုက်ကျော်ခြင်း (အမျိုးသမီး) သုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် ပဲခူးတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၁၆ ခုနှစ် ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီမှစတင်၍ ပိုက်ကျော်ခြင်း (အမျိုးသား) လေးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကချင်ပြည်နယ်အသင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် ကယားပြည်နယ်အသင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ မွန်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်း၊ ရခိုင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကယားပြည်နယ်အသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း၊ တနင်္သာရီတိုင်းဒေသကြီး အသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့်ပဲခူးတိုင်းဒေသကြီးအသင်း၊ မွန်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ရခိုင်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်း၊ ကရင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အလားတူ ပိုက်ကျော်ခြင်း (အမျိုးသမီး)လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စု ပတ်လည်ပွဲစဉ်များအဖြစ် ရခိုင်ပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ ချင်းပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်း၊ ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ရခိုင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ချင်းပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့ ဆက်လက် ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# ချမ်းမြသာစည်မြို့နယ်၌ ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့စကားဝိုင်းကျင်းပ

**ချမ်းမြသာစည် ဩဂုတ် ၂၉**

အများပြည်သူနှင့် အစိုးရ၏ တာဝန်ရှိသူများအကြား ဆွေးနွေးတိုင်ပင်ရမည့် အကြောင်းကိစ္စများ ဆွေးနွေးပြောကြားနိုင်စေရန် မိမိတို့၏ရပ်ကွက်ဒေသများတွင် ဖြစ်ပေါ်နေသော အကြောင်းအရာများကို ဆွေးနွေးမှုများရှိလာစေရန်နှင့် မိဘပြည်သူများအနေဖြင့် စဉ်းစားတွေးခေါ်မှုများ မြင့်မားလာပြီးဆွေးနွေးပွဲများတွင် ကိုယ်တိုင်ကိုယ်ကျ ဆွေးနွေးလာနိုင်စေရန် ရည်ရွယ်၍ "ဒေသဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ် (၅) ရပ်ကွက်ရှိ ရွှေဘုန်းရောင်ဓမ္မာရုံ၌ ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်ကွက်နေပြည်သူ ၂၅၀ ခန့် တက်ရောက်ခဲ့သည်။

ဆက်လက်၍ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် လုပ်ငန်းကဏ္ဍဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် ပြည်သူများက မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဆွေးနွေးတင်ပြကြရာ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြား ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**အလင်းသစ် (ပြန်/ဆက်)**

**နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ။**

# လူငယ်တွေ အားကစားမှာ ပျော်မွေ့ပါမှ လူ့ဘောင်ငြိမ်းချမ်းမှာ

ဒေါက်တာမောင်သင်း

**ငြိမ်းချမ်းရေးစိတ်ဓာတ်အစ အားကစားက**

အားကစားသမားဟူသည်

- ဥပဒေစည်းကမ်းကို လေးစားလိုက်နာ၍ တရားသဖြင့် ယှဉ်ပြိုင်ခြင်း၊
- စည်းလုံးညီညွတ်မှုရှိသော အသင်းအဖွဲ့ဖြင့် ရည်မှန်းချက်ကို ဖော်ဆောင်နိုင်ခြင်း၊
- မိမိ၏ပြိုင်ဘက်ကို လေးစားတန်ဖိုးထားခြင်းတို့ကို ဆောင်ရွက်နိုင်ရမည်။

ဤကဲ့သို့ အားကစားသမားများ၏ စိတ်ဓာတ်မျိုးကို ကမ္ဘာသူကမ္ဘာသားများ လိုက်နာကျင့်သုံးပါက ကမ္ဘာကြီးသည် စစ်ပွဲများကင်းစင်၍ ငြိမ်းချမ်းသာယာဝပြောပါလိမ့်မည်။

အဲဒီစာသားဟာ ညနေတိုင်း ဖတ်နေကျ၊ မြင်နေကျစာသားပါ။ ဘောလုံးကန်ဖို့ သွားတိုင်း ကျွန်တော်တို့မြို့ရဲ့ ဘောလုံးကွင်းမှာ တင်ထားတဲ့ ဆောင်ပုဒ်ပါ။ ကြာခဲ့ပါပြီ။ အထက်တန်းကျောင်းသား ဘဝ ၁ ၉၇၀ ပြည့်နှစ်များဆီကပါ။ ငယ်ရွယ်သူမို့ အားကစားနှင့်ငြိမ်းချမ်းရေး ဆက်စပ်နေမှုကို ထိုအချိန်က နားမလည်ခဲ့ပါ။

သိပ္ပံနည်းအရ အားကစားလှုပ်ရှားမှုကြောင့် အင်ဒိုဖင်း (Endorphins) ဟော်မုန်းထွက်လာပြီး အကောင်းမြင်မှု၊ ကြည်နူးပျော်ရွှင်မှု၊ ချစ်ကြည်မှုကို ပေးစွမ်းနိုင်သဖြင့် ရန်လိုမှုကင်းကာ ငြိမ်းချမ်းရေး ဖော်ဆောင်မှုရဲ့ အရင်းခံဆိုတာကို ကြုံမြင်ခဲ့ပါသောကြောင့် ပန်းတနော်မြို့ အမျိုးသားကျောင်းအုပ်ဆရာကြီးဘဝကနေ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ကမ္ဘာ့ငြိမ်းချမ်းရေးတာဝန်ထမ်းဆောင်သွားတဲ့ ဗမာ့သားကောင်း ဦးသန့်က ပြောကြားခဲ့ခြင်းပါ။

**ဘာကြောင့် ကျောင်းတွေမှာ အားကစားအချိန် ထည့်သွင်းခဲ့ရတာလဲ**

အားကစားဆိုတာ တကယ်တော့ "အားလပ်ချိန်"မှာ ကစားသည့် လှုပ်ရှားမှုမျိုးမဟုတ်ပါ။ လူရဲ့ ကာယခွန်အားနဲ့ စိတ်ခွန်အား(ဉာဏစွမ်းအား) နှစ်ခုလုံးကို တိုးတက်စေဖို့ ကစားစေတာပါ။ ကိုယ်ခန္ဓာကျန်းမာစေကာ ဦးနှောက်ဉာဏ်ကို ရှင်လန်းစေပြီး စူးစမ်းနိုင်စွမ်းအားကို ထက်မြက်စေပါတယ်။ လျှပ်တစ်ပြက်အတွင်း မှန်ကန်တဲ့ဆုံးဖြတ်ချက်ကိုချနိုင်တဲ့ အရည်အသွေးကိုလည်း တိုးတက်စေပါတယ်။ ဒါကြောင့်မို့ ဉာဏ်အမြော်အမြင်ကြီးမားကြတဲ့ "ပညာရေးပညာရှင်ကြီး"တွေက အခြေခံကျောင်းတွေမှာ "အားကစားချိန်" ဆိုတာ ထည့်ထားခဲ့ပါတယ်။ ပညာရေးကောလိပ်တွေမှာ ကာယပညာဌာနနဲ့ တက္ကသိုလ်တွေမှာ အားကစားဌာနဆိုပြီး ထည့်သွင်းဖွဲ့စည်းခဲ့တာပါ။

ပညာရေးက သတ်သတ်၊ အားကစားက သတ်သတ်မဟုတ်ပါ။ လူငယ်တိုင်းကို ပညာရေးရဲ့ မြင့်မားတဲ့ရည်မှန်းချက်ဖြစ်တဲ့ ကာယဗလ၊ ဉာဏဗလပြည့်စုံသူဖြစ်ထွန်းလာစေဖို့ စာလက်တွေ့ အကောင်အထည်ဖော်ပေးနိုင်တဲ့ လုပ်ငန်းဟာ အားကစားပါပဲ။

တစ်နေ့က မိတ်ဆွေတစ်ယောက်ကပေးလို့ "To Sir, with love" ဆိုတဲ့ ဆရာကောင်းတစ်ယောက်ရဲ့ ဇာတ်လမ်းပြန်ကြည့်မိပါတယ်။ (မြန်မာနိုင်ငံမှာ မင်းသားကြီး ဖော်လင်းနဲ့ ပန်းနုရောင်ဆိုပြီး ရိုက်ထားတယ်လို့ ဆိုပါတယ်။) လန်ဒန်မြို့ရဲ့ ပုံကျတွေနေတဲ့ ရပ်ကွက်မှာရှိတဲ့ ကျောင်းတစ်ကျောင်းက ကျောင်းဆရာတစ်ယောက်နဲ့ သူ့ကျောင်းသားတွေအကြောင်းပါ။ ဆရာက ဘဝမှာ အလိုမကျပြီး မယဉ်ကျေးသူလို့ သတ်မှတ်ခံရတဲ့ ကျောင်းသား ကျောင်းသူတွေရဲ့အခန်းကို အတန်းပိုင်ဆရာလုပ်တဲ့ အကြောင်းပါ။

အစမှာ ဆရာကို ကလန်ကဆန်လုပ်တာ၊ ပြဿနာပေါင်းစုံရှာတာကို ဆရာက စိတ်ရှည်သည်းခံပြုပြင်မှုရဲ့အဆုံးမှာ ယဉ်ကျေးသူတွေ ဖြစ်လာပြီး ဆရာ့ကို ချစ်ခင်သွားတဲ့အကြောင်း ဇာတ်လမ်းပါ။ အားကစားအချိန်မှာ လက်ဝှေ့တို့၊ ဘားတန်းခုန်တာတို့ အားကစားမျိုးစုံလေ့ကျင့်ပေးတာ ပါပါတယ်။ မယဉ်ကျေးတဲ့ကလေးတွေက ဆရာ့ကို လက်ဝှေ့ထိုးဖို့ စိန်ခေါ်တာကို ဆရာက စနစ်တကျထိုးပြတာ၊ တစ်နေ့တော့ ဘားတန်းအခုန်မှာ အကျမတော်လို့ ကျောင်းသားတစ်ယောက် ဒဏ်ရာရပြီး ကာယနည်းပြဆရာကို ရန်လုပ်တာ အတန်းပိုင်ဆရာက ကာယဆရာကို ကာကွယ်ခဲ့တဲ့ ဇာတ်ကွက်လေးလည်း ပါပါတယ်။ ဒုတိယကမ္ဘာစစ် ပြီးခါစပါ။

စည်းကမ်းမဲ့တယ်ဆိုတဲ့ အထက်တန်းကျောင်းမှာတောင် အားကစားချိန်ကို အားကစားနည်းပြနဲ့ အချိန်ပေးပြီး စနစ်တကျ လေ့ကျင့်ခြင်းဖြင့် လူယဉ်ကျေးလေးများ၊ လူကောင်းလူတော်များ ပေါ်ထွန်းလာတာကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားတာပါ။ အားကစားနဲ့ ပညာရေးရဲ့ အနှစ်သာရကို အကောင်အထည်ဖော်နေခြင်းဆိုတဲ့ သင်ခန်းစာကို ထိုဇာတ်ကားကနေ ရရှိလာပါတယ်။

**အားကစားဟာ ပညာရေးကို ဖော်ဆောင်တာပါ**

ကျွန်တော် မေးခွန်းတစ်ခုမေးခဲ့ပါတယ်။ "ဘာဖြစ်လို့များ ကျောင်းတွေ၊ တက္ကသိုလ်တွေမှာ အားကစားအမျိုးမျိုးကို ပြိုင်ပွဲတွေ ကျင်းပပေးနေရတာလဲ"ဆိုတာပါ။ အဲဒီမေးခွန်းကိုဖြေတော့မယ်ဆိုတော့ ကျောင်း(မူကြိုကျောင်းမှသည် တက္ကသိုလ်အထိ)ဆိုတာက "ပညာရေး"ကို စုစုဝေးဝေး အကောင်အထည်ဖော်တဲ့နေရာပါ။ ပညာရေးရဲ့ ရည်မှန်းချက်က ဘာပါလိမ့်ဆိုတော့ လူသားတိုင်း ကာယ၊ ဉာဏ၊ စာရိတ္တနဲ့ မိတ္တဗလဖွံ့ဖြိုးတဲ့ နိုင်ငံကြီးသားစိတ်ဓာတ်ပြည့်ဝသူများ ဖြစ်လာအောင် လေ့ကျင့်ပေးဖို့ပါ။

စာသင်ဖို့ အသက်မွေးဝမ်းကျောင်း သင်ယူတတ်မြောက်ဖို့လောက်တင် အဆုံးမသတ်ပါ။ ပညာရေးဆိုတာ လူ့တန်ဖိုးမြှင့်တင်ပေးတဲ့လုပ်ငန်းပါ။ စာသင်ကြားမှုသက်သက်နဲ့ စာတွေတတ်ရုံ၊ သင်ပေးရုံတော့ တန်ဖိုးမြင့်လူသား မမွေးထုတ်နိုင်ပါ။ ကျန်းမာကြံ့ခိုင်မှု ရှိရပါမယ်။ ကိုယ်ခန္ဓာရော၊ စိတ်ဓာတ်ရေးရာရောပါ။ လူအချင်းချင်း ပေါင်းသင်းဆက်ဆံတတ်ရမယ်။ စည်းကမ်းရှိသေတတ်ရပါမယ်။ တရားသဖြင့် ကြိုးစားယှဉ်ပြိုင်မှုတွေ ရှိရမယ်။

ပညာရေးပညာရှင်ကြီးတွေ အခြေခံပညာ အထက်တန်းကျောင်းတွေမှာ အားကစားမျိုးစုံ သင်ကြားပေးခြင်းရဲ့ ရည်ရွယ်ချက်ကို လေ့လာတဲ့အခါမှာ–

(က) ကိုယ်ကာယ ကြံ့ခိုင်စေရန်၊

(ခ) ကျန်းမာမှုကို သိရှိ၍ မိမိကျန်းမာရေးနှင့် အများစုကျန်းမာရေးကို လိုက်နာဆောင်ရွက်တတ်စေရန်၊

(ဂ) လူမှုရေးနှင့် ပေါင်းသင်းဆက်ဆံရေးတို့တွင် ဝင်ဆံ့စေရန်နှင့် မြင့်မားသည့် လူမှုဆက်ဆံရေး တတ်ကျွမ်းလာစေရန်၊

(ဃ) စည်းကမ်းသေဝပ်၍ ဥပဒေကို လေးစားတန်ဖိုးထား လိုက်နာထိန်းသိမ်းနိုင်သည့် အလေ့အကျင့်ကောင်းရရန်၊

(င) ဖွဲ့ရှိခြင်း၊ သည်းခံခြင်း၊ ဖြူစင်ဖြောင့်မတ်ခြင်းဟူသော မြင့်မြတ်စိတ်ထား ကြွယ်ဝလာစေရန်၊

(စ) အားလပ်ချိန်ကို အကျိုးရှိသည့်နည်းဖြင့် အသုံးပြုတတ်သော စိတ်ဓာတ်နှင့် အသုံးပြုတတ်သော အကျင့်များ ပေါ်လာရန်၊

(ဆ) ကာယပညာနှင့် အားကစားမှတစ်ဆင့် အနာဂတ် ပြည်ထောင်စုမြန်မာနိုင်ငံ အားကစားဂုဏ်ရောင် မြှင့်တင်မည့် လူငယ်သစ်များ ထွန်းကားစေရန်တို့ ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

စိတ်ရောကိုယ်ပါကျန်းမာပြီး စည်းမျဉ်း၊ စည်းကမ်းကို လေးစားလိုက်နာရာမှာ စံပြဖြစ်စေဖို့၊ ပြိုင်ဘက်ကို လေးစားတန်ဖိုးထားတတ်မှု၊ မောမောပန်းပန်းအချိန်မှာ စိတ်ရှည်သည်းခံနိုင်စွမ်း မြင့်မားခြင်း၊ အသင်းအဖွဲ့အတွက် တစ်ကိုယ်ကောင်းဝါဒကင်းစင်ပြီး ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်နားလည်မှုနှင့် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်သည့် လူ့အရည်အသွေးမြင့်မားစေမှုတို့ကို ရစေပါတယ်။ ဒါတွေဟာ လူချွန်လူကောင်း၊ စိတ်ထားမြင့်မြတ်သူတွေနဲ့ ခေါင်းဆောင်ကောင်းတွေဖြစ်အောင် လေ့ကျင့်စေတယ်ဆိုတာကို နားလည်မိပါတယ်။

**အားကစားကရတဲ့ စာမေးပွဲရမှတ်လွန် လူ့တန်ဖိုး**

ကျောင်းသား ကျောင်းသူတွေ ကျောင်းကို ရောက်လာတာဟာ ပညာဆည်းပူးဖို့၊ ပြီးတော့ စာသင်ဖို့၊ အတန်းတွေအောင် ဘွဲ့တွေရဖို့ဆိုပြီး ရည်မှန်းချက်သေးသေးနဲ့ ရောက်လာကြတာ မဟုတ်ပါဘူး။ ကျောင်းတွေနဲ့ တက္ကသိုလ်ကလည်း သူတို့ကို ထူးချွန်ထက်မြက်တဲ့ ပညာတတ်တွေ၊ ပညာရှင်တွေဖြစ်အောင် ကျွမ်းကျင်တဲ့ ပါမောက္ခတွေ၊ ဆရာ ဆရာမတွေနဲ့ သင်ကြားလေ့ကျင့်ပေးနေပါတယ်။ ဒါတွေက ပညာရှင်၊ ပညာတတ်သက်သက်ဖြစ်အောင် လေ့ကျင့်ပေးတဲ့ အစီအစဉ်တွေပါ။ ပညာတတ်၊ ပညာရှင်ဖြစ်အောင် ကျောင်းအသီးသီးက လေ့ကျင့်ပေးလိုက်တာနဲ့အတူ လူ့ဘောင်လူ့လောကအလယ်မှာ နေမှု၊ ထိုင်မှု၊ လူမှုဆက်ဆံမှု၊ ခေါင်းဆောင်မှု၊ သည်းခံမှု၊ မိမိပတ်ဝန်းကျင်ရဲ့ ကောင်းကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးတတ်မှု၊ လူသားအချင်းချင်းစာနာတတ်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ သဘောထားပြည့်ဝမှုတွေကိုပါ ထပ်ဆောင်းပေးပြီး တန်ဖိုးကို မြှင့်တင်လိုက်ပါတယ်။

တစ်နည်းအားဖြင့် လူငယ်တွေကို **"ပညာပြည့်ဝ နှလုံးလှတဲ့"** လူသားတွေဖြစ်အောင် ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ လေ့ကျင့်ပေးလိုက်တာပါ။ သူတို့ကို အားကစားပြိုင်ပွဲတွေလိုပဲ အခြားလှုပ်ရှားမှုတွေဖြစ်တဲ့ ဖိုရမ်တွေ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားဝိုင်းတွေ၊ ဘာသာရပ်အသင်းတွေ၊ ကြက်ခြေနီနှင့် လူမှုရေးပရဟိတအသင်းတွေမှာ ပါဝင်လှုပ်ရှားရင်း ကျောင်းသား ကျောင်းသူတွေကို ကာယ၊ ဉာဏ၊ မိတ္တနဲ့ စာရိတ္တစွမ်းရည်တွေ တိုးတက်သည်ထက် တိုးတက်အောင် လေ့ကျင့်ပေးနေပါတယ်။

ဒါကို ကျောင်းတွေမှာ သင်ရိုးပြင်ပလေ့ကျင့်မှု (Extracurriculum Programme) လို့ ခေါ်ပါတယ်။ သင်ရိုးပြင်ပဆိုပေမယ့် စာတတ်တာ၊ စာတော်တာထက်သာတဲ့ ပိုမြင့်တဲ့ လူ့တန်ဖိုးအစစ်တွေပါ။ ကျောင်းသား ကျောင်းသူတွေနဲ့အတူ လေ့ကျင့်ခံယူနေသူတွေကတော့ လက်ရည်တူသူတွေပါပဲ။ အရည်အချင်းတူသူအချင်းချင်းပြိုင်ပွဲဖြင့် လေ့ကျင့်ခံကြရာမှာ ကိုယ်က နှာတစ်ဖျားသာအောင် ကြိုးပမ်းရတာမို့ ဖွဲ့၊ လုံ့လ၊ လက်ရုံးရည်၊ နှလုံးရည်အစွမ်းကုန် ထုတ်သုံးရပါတယ်။

ပညာမြင့်တဲ့ လက်ရည်တူသူတွေရဲ့ အားကစားပြိုင်ပွဲတွေက ကျောင်းသား ကျောင်းသူတွေ ရလိုက်တာက "အားကစားသမားတွေရဲ့ အရေးကြီးဆုံးစိတ်ထားက မိမိပြိုင်နေတဲ့သူတွေဟာ ငါ့ရဲ့ပြိုင်ဘက် ငါ့ရဲ့ရန်သူမဟုတ်ဘဲ ငါ့ရဲ့ လေ့ကျင့်ဖော်၊ လေ့ကျင့်ဘက် မိတ်ဆွေကောင်းတွေ ဆိုတာပါပဲ။ အလုပ်တစ်ခုကို အောင်မြင်အောင်လုပ်တဲ့နေရာမှာ ငါ့ရဲ့ ကာယအား၊ ဉာဏအားတွေကို အစွမ်းကုန် အသုံးချနိုင်စွမ်းရှိအောင် အတူလေ့ကျင့်ပေးတဲ့ လေ့ကျင့်ဖော်တွေ တစ်နည်းအားဖြင့် ပါရမီဖြည့်ဘက်တွေ"ဆိုတဲ့ မြင့်မြတ်တဲ့ စိတ်ထားပါ။

ကျွန်တော်တို့ လွယ်လွယ်ကူကူပြောနေတဲ့ အနိုင်မခံ၊ အရှုံးမပေးရလဒ်တစ်ခုတည်းအတွက် မဟုတ်ပါဘူးဆိုတာ သတိချပ်စေချင်ပါတယ်။ ဒါကြောင့် ဦးသန့်က "အားကစားသမားစိတ်ဓာတ်ဟာ လူသားတိုင်းမှာရှိမယ်ဆိုရင် ပြိုင်ဘက်မရှိ၊ ရန်သူမရှိ၊ လေ့ကျင့်ဘက်မိတ်ဆွေသာရှိဆိုတဲ့ အမြင် ပိုင်ဆိုင်ကြမှာမို့ ငြိမ်းချမ်းတဲ့ကမ္ဘာကြီး ဖြစ်လာမယ်" လို့ ဆောင်းပါးအစမှာ ညွှန်းဆိုခဲ့တာပါ။

**သူလည်းနိုင် ငါလည်းသာတဲ့ အားကစားပြိုင်ပွဲ**

လူငယ်တွေကို အနိုင်ရရုံသက်သက်ဆိုသည့် အင်မတန်နိမ့်ကျတဲ့ စိတ်ထားပိုင်ဆိုင်လာစေရန် ပညာရေးက မလေ့ကျင့်ပေးပါ။ အားကစားနဲ့ လူသားရဲ့ မြင့်မြတ်စိတ်ထားတွေ ပိုင်ဆိုင်နေအောင် ပညာရေးက လူငယ်တွေကို လေ့ကျင့်ပေးနေတာပါ။ ပြိုင်ပွဲလို့ဆိုကတည်းက ပြိုင်ပွဲသတ်မှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းအရ နိုင်သူ၊ ရှုံးသူ (Win-Lost) ဆိုတာရှိစမြဲပါ။ ကျောင်းတွေမှာ ကျင်းပတဲ့ ပြိုင်ပွဲတွေဟာ အနိုင်/အရှုံးမှာ ရပ်မနေပါဘူး။ ဒီပြိုင်ပွဲမှာ နိုင်တဲ့သူအနေနဲ့ ထားရမယ့်မြင့်မြတ်တဲ့စိတ်ထားနဲ့ ဆက်လက်ဖြည့်ဆည်းရမယ့် ခံယူချက်တွေကို ပြိုင်ပွဲက ဖြည့်ပေးလိုက်ပါတယ်။

**နိုင်သူတွေကတော့**

- ငါနဲ့ပြိုင်သူတွေကို အခုတော့နိုင်ပေမယ့် ငါဆက်မကြိုးစားရင် ရှုံးမှာပဲ။ ဘဝဆိုတာလည်း တစ်ခါအောင်မြင်ရုံနဲ့ အဆုံးသတ်တာမဟုတ်ပါ။ ဘဝအောင်မြင်မှုဆိုတာ တစ်လျှောက်လုံး ဆက်ကြိုးစားနေမှ အောင်မြင်မှာဆိုတဲ့ ခံယူချက်တွေ ပေါ်ထွန်းလာရေးပါ။
- အသင်းအဖွဲ့နဲ့ ပြိုင်ပွဲဆိုရင် စည်းလုံးညီညွတ်မှုအားကောင်းခဲ့လို့ အောင်မြင်တာမို့ တစ်ဦးချင်းစီ၏ ဖြာထွက်အားထက် သာလွန်တာက စုစည်းကျစ်လျစ်အားမို့ စည်းလုံးညီညွတ်မှုကို အမြဲထိန်းရမယ်၊

- အားကစားဆိုတာ တကယ်တော့ "အားလပ်ချိန်"မှာ ကစားသည့် လှုပ်ရှားမှုမျိုး မဟုတ်ပါ။ လူရဲ့ကာယခွန်အားနဲ့ စိတ်ခွန်အား(ဉာဏစွမ်းအား) နှစ်ခုလုံးကို တိုးတက်စေဖို့ ကစားစေတာပါ။ ကိုယ်ခန္ဓာကျန်းမာစေကာ ဦးနှောက်ဉာဏ်ကို ရှင်လန်းစေပြီး စူးစမ်းနိုင်စွမ်းအားကို ထက်မြက်စေပါတယ်
- လူငယ်ဆိုတာ မိသားစု၊ လူ့အဖွဲ့အစည်းရဲ့ မျှော်လင့်ချက်အားထားရာပါ။ အားထားရာ၊ အားကိုးထိုက်သူ၊ အနာဂတ်ဖန်တီးသူ၊ လူ့အဖွဲ့အစည်းကို သာယာငြိမ်းချမ်းအောင် ခေါင်းဆောင်နိုင်သူဟာ ကိုယ်ရောစိတ်ပါ ကျန်းမာကြံ့ခိုင်နေရန်လို

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

- ငါ့ပြိုင်ဘက်တွေရဲ့ အားနည်းချက်ကြောင့် ငါနိုင်တာ၊ ငါ့မှာလည်း အားနည်းချက်ဆိုတာ ရှိနေမှာ၊ အဲဒီအားနည်းချက်မျိုးတွေ ငါ့မှာ ပပျောက်သွားအောင် ဆက်လက်လေ့ကျင့်ရဦးမယ်ဆိုတဲ့ မိမိကိုယ်ကို ဝေဖန်တတ်မှု အရည်အသွေးတွေလည်း တက်လာပါတယ်။
- ပြိုင်ဘက်ဆိုတာ ရန်သူမဟုတ်၊ အတူလေ့ကျင့်ဖော် (သို့) ပါရမီဖြည့်ဖက်ပါ။ ကိုယ့်ရဲ့ပါရမီဖြည့်ဖက်ဖြစ်တဲ့ ရှုံးသူတွေကို အထင်သေးမှုမရှိရပါဘူး။ နိမ့်သူကို တွဲခေါ်တတ်မှု၊ အားပေးမှုတွေရှိရပါမယ်ဆိုတဲ့ လူကြီးလူကောင်းစိတ်ထားတွေလည်း ဖြစ်ထွန်းလာပါတယ်။

**ပြိုင်ပွဲမှာ ရှုံးတဲ့သူအနေနဲ့လည်း**

- ငါ့ထက် သူဟာ ဒီပွဲမှာသာတယ်၊ ဒါကြောင့် ငါသူ့ကိုဂုဏ်ပြုရမယ် (Congratulation) ဆိုတဲ့ လူကြီးလူကောင်းတွေရဲ့ မြင့်မြတ်စိတ်ထား(Gentleman Habit) ရရှိစေပါတယ်။
- ဒီလူက ဘယ်အချက်တွေမှာ ငါ့ထက်သာတယ်ဆိုတာ သူနဲ့သာ ကစားခွင့်၊ ပြိုင်ခွင့်၊ လေ့ကျင့်ခွင့်မရခဲ့ရင် သိမှာမဟုတ်ဘူး။ ဒါကြောင့် သူ့ကို ကျေးဇူးတင်ရမယ်ဆိုတဲ့ (Acknowledge) စိတ်ထားပိုင်ဆိုင်လာပါတယ်။
- ငါတို့အသင်း တစ်ဦးချင်းကောင်းကြ၊ တော်ကြသော်လည်း ညီညွတ်တဲ့စိတ်ထား အားနည်းခဲ့လို့လားဆိုတဲ့ သုံးသပ်နိုင်စွမ်းအားတွေလည်း ရှိလာပါတယ်။
- အကယ်၍ ကိုယ့်ရဲ့လေ့ကျင့်မှုဟာ ဒီတစ်ပွဲအတွက်လောက်သာ ပြင်ဆင်ခဲ့တယ်ဆိုရင် တစ်ပွဲထိုးစိတ်ဓာတ်နဲ့တော့ ဒီပွဲလိုပဲ ဘဝမှာ အမြဲရှုံးနိမ့်နေဦးမှာပဲ။ နောက်ပွဲတွေမှာ အဲဒီကတစ်ဆင့် ဘဝတစ်လျှောက်လုံး အောင်ပွဲဆင်နိုင်ဖို့ဆိုရင် ငါဟာ ဇွဲ၊ လုံ့လ အရင်းတည်ပြီး အမြဲလေ့ကျင့်ရဦးမယ်၊ ဖြည့်ဆည်းရဦးမယ်ဆိုတဲ့ (Self Criticism) ကိုယ့်ကိုယ်ကိုယ် ဝေဖန်နိုင်မှုစွမ်းရည်နဲ့ ကိုယ့်ကိုယ်ကိုယ်သုံးသပ်နိုင်မှုတွေကို တိုးတက်စေပါတယ်။

ပြိုင်ပွဲဆိုတာ ယှဉ်ပြိုင်ပွဲတစ်ခုအတွက် နိုင်သူ၊ ရှုံးသူ(Win-Lost) ရှိပေမယ့် အထက်ပါ မြင့်မြတ်စိတ်ဓာတ်စွမ်းရည်တိုးတက်မှုကို နှစ်ဦးနှစ်ဖက် ပိုင်ဆိုင်ရတာမို့ ကျောင်းအားကစားပြိုင်ပွဲကနေ ဘဝတစ်လျှောက်လုံးအတွက် သူလည်းနိုင်၊ ကိုယ်လည်း သာတဲ့ဘဝ (Win-Win)တွေချည်းပါ။ အဲဒီလိုအားကစားပြိုင်ပွဲတွေနဲ့အတူ လူ့တန်ဖိုးကို မြင့်အောင် လေ့ကျင့်ပေးနိုင်စွမ်းရှိတဲ့ ပညာရေးဖြစ်ရပါမယ်။

**တကယ်တော့ အားကစားဆိုတာ လူ့တန်ဖိုးအစစ်တွေ ပေါ်လွင်အောင်၊ ကောင်းမြတ်တဲ့စိတ်ထားနဲ့ အလေ့အကျင့်တွေ အထုံပါသွားအောင် လေ့ကျင့်ပေးတဲ့ပညာရေးရဲ့ အစိတ်အပိုင်း လေ့ကျင့်အားတစ်ခုပါ။ ထူးချွန်ထက်မြက်ပြီး မိမိအသိုင်းအဝိုင်းမှာ ဦးဆောင်နိုင်သူတွေဟာ အားကစားမှာလည်း ထူးချွန်ခဲ့ကြကြောင်း ပညာရေးပညာရှင်တွေက လေ့လာတွေ့ရှိခဲ့**

တကယ်တော့ အားကစားဆိုတာ လူ့တန်ဖိုးအစစ်တွေ ပေါ်လွင်အောင်၊ ကောင်းမြတ်တဲ့စိတ်ထားနဲ့ အလေ့အကျင့်တွေ အထုံပါသွားအောင် လေ့ကျင့်ပေးတဲ့ ပညာရေးရဲ့ အစိတ်အပိုင်း လေ့ကျင့်အား တစ်ခုပါ။ ထူးချွန်ထက်မြက်ပြီး မိမိအသိုင်းအဝိုင်းမှာ ဦးဆောင်နိုင်သူတွေဟာ အားကစားမှာလည်း ထူးချွန်ခဲ့ကြကြောင်း ပညာရေးပညာရှင်တွေက လေ့လာတွေ့ရှိခဲ့ပါတယ်။

**ဉာဏ်ထက်မြက်စေပြီး ကိုယ်ခန္ဓာသွက်လက်ဖို့ကစားပါ**

ပညာရေးစိတ်ပညာရှင်တွေရဲ့ လေ့လာချက်အရ အတန်းထဲမှာ တုံ့ပြန်မှုနှေးကွေးပြီး ကပေါက်တိကပေါက်ချာဖြေတတ်တဲ့၊ ပြီးတော့ မကြာခဏနာစေး၊ ခေါင်းကိုက်၊ ပန်းနာနဲ့ အိပ်မပျော်တဲ့ကလေးတွေကို ကစားချိန်ပိုပေးပြီး ကစားခိုင်းတဲ့အခါမှာ အဲဒီရောဂါတွေ ပျောက်သွားတာ တွေ့ရပါတယ်။ ဒါ့အပြင် တုံ့ပြန်မှုလည်း မနှေးကွေးတော့ပါ။ ကပေါက်တိ ကပေါက်ချာ ဖြေတတ်တာတွေ မရှိတော့ဘဲ ကျောင်းစာမှာ ပိုမိုမှတ်သားလာနိုင်ပြီး အတန်းထဲမှာ၊ ကျောင်းမှာ ထူးချွန်လာတာ တွေ့ရပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ပြေးလွှားဆော့ကစားနေတဲ့ ကလေးတွေရဲ့ ဦးနှောက်ဉာဏ်ထဲကို အောက်ဆီဂျင်ပိုမိုရတာကြောင့် ဦးနှောက်ဟာ ပိုမိုဖွံ့ဖြိုးကာ ကလေးကိုလည်း ရွှင်လန်းစေပြီး စူးစမ်းစိတ်ကို ထက်စေလို့ပါပဲ။ အားကစားပြုလုပ်လျှင် အင်ဒိုဖင်းဟော်မုန်း ပေါ်ထွက်လာတာကြောင့် အကောင်းမြင်စိတ်ထားနှင့် ပျော်ရွှင်မှုအမြင်ဖြင့် လူမှုဆက်ဆံရေးကို ဆောင်ရွက်နိုင်တာကြောင့် အတန်းမှာ၊ ကျောင်းမှာ ဦးဆောင်သူ ဖြစ်လာပါတယ်။ ပြောင်းပြန်က အိမ်မှာချည်း အောင်းနေတဲ့ကလေးတွေ၊ စာချည်း အတင်းလုပ်ခိုင်းခံရတဲ့ကလေးတွေမှာတော့ ဦးနှောက်ဒဏ်ပိပြီး ကျောင်းသင်ခန်းစာကို စိတ်ဝင်စားမှုနည်းလာသလို ပေါင်းသင်းဆက်ဆံရေးမှာလည်း ညံ့ဖျင်းလာကာ ခေါင်းဆောင်ဘဝနှင့်ကင်းစေပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့မိဘတွေနဲ့ ဆရာတွေ သတိထားရမယ့်အချက်က လူငယ်တွေကို ကစားချိန်ပေးဖို့၊ ကစားကွင်းဆီကိုပို့ဖို့ မဖြစ်မနေလုပ်ဆောင်ရပါမယ်။ ကစားခြင်းနှင့် လေ့လာသင်ယူမှုကို မျှတအောင်လုပ်ပေးခြင်းသည် ကျွန်တော်တို့ သားသမီးမျိုးဆက်တွေ စိတ်ရောကိုယ်ပါ ကျန်းမာဖို့နဲ့ ဦးနှောက်ဖွံ့ဖြိုးပြီး ဉာဏ်ရည်ပိုထက်စေဖို့ပါ။ ကျွန်တော်တို့လူငယ်တွေ ကစားကွင်းမှာ ပျော်ပျော်ရွှင်ရွှင် ကစားနေပြီဆိုရင် လူငယ်တွေ ထူးချွန်ထက်မြက်သူတွေ၊ ခေါင်းဆောင်ကောင်းတွေဖြစ်လာဖို့ သေချာနေပါပြီ။

**အားကစားဆိုတာ ခေါင်းဆောင်စွမ်းရည်ဖြည့်ဆည်းပေးတဲ့အရာပါ**

ဒါ့အပြင် အသင်းလိုက်ကစားနည်းတွေဖြစ်တဲ့ ဘောလုံး၊ ဘတ်စကက်ဘော၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ထုပ်ဆီးတိုး စတာတွေဟာ တစ်ဦးတစ်ယောက်တော်ရုံနဲ့မရပါ။ Team Work ဆိုတဲ့ တစ်သင်းလုံးကောင်းရ၊ တော်ရပါတယ်။ လူတော်အားကစားသမားတွေ အများကြီးပါဝင်သော်လည်း အသင်းမှာရှိတဲ့ အခြားသူတွေနဲ့ အချိတ်အဆက်မမိတဲ့ နာမည်ကြီးဘောလုံးအသင်းတွေ ကမ္ဘာ့ဖလားအပါအဝင် ဆုဖလားအသီးသီးနဲ့လွဲခဲ့ရတာ သမိုင်းသက်သေပါ။ အများနဲ့ စည်းလုံးညီညွတ်စွာ ကစားနိုင်ပါမှ၊ ပြီးတော့ သတ်မှတ်ထားတဲ့ အားကစားနဲ့ ပြိုင်ပွဲရဲ့စည်းမျဉ်း၊ စည်းကမ်းကို ပွဲစဉ်တစ်လျှောက်လုံး လေးစားလိုက်နာတတ်တဲ့ အကျင့်ကောင်း အားကစားသမားတိုင်းရှိပါမှ မိမိအသင်းရဲ့ ရည်မှန်းချက်ကို ရောက်ပါတယ်။

အဆိုပါစိတ်ဓာတ်ဟာ လုပ်ငန်းခွင်၊ မိမိရဲ့ ရပ်ကွက်/အဖွဲ့အစည်းတွေထဲ ရောက်တဲ့အခါမှာလည်း တစ်ကိုယ်ကောင်းဆန်မှု ကင်းစင်ပြီး ပူးပေါင်းဆောင်ရွက်မှုနဲ့ အပြန်အလှန် လေးစားမှု၊ အပေးအယူမျှတတဲ့ စည်းလုံးညီညွတ်မှု၊ စိတ်ဓာတ်မြင့်မားမှုကို ရခဲ့တာကြောင့် စရိုက်မတူသူတွေနဲ့ စည်းလုံးညီညွတ်စွာ ဘုံရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်စွမ်းရှိလာပါတယ်။ အားကစားကြောင့် အတ္တ၊ မာနတွေ လျော့ဆင်းလာပြီး စိတ်ရှည်၊ သည်းခံ၊ တစ်ဖက်သားကို စာနာတတ်မှုတွေ ပိုများလာပါတယ်။

အားကစားပြိုင်ပွဲတွေမှာ သတ်မှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းကို လေးစားလိုက်နာပြီး ယှဉ်ပြိုင်လာတဲ့ အကျင့်ကောင်းက မိမိပတ်ဝန်းကျင်မှာ စည်းကမ်းဥပဒေကို လေးစားလိုက်နာ တန်ဖိုးထားရာမှာ စံပြအဖြစ် အများက လေးစားသူဘဝရောက်လာပါတယ်။ အဆိုပါ လူ့အရည်အသွေးများဟာ တန်ဖိုးမြင့်လူသားနဲ့ ခေါင်းဆောင်ကောင်းတွေမှာရှိတဲ့ အရည်အသွေးမို့ ပညာရေးကို စုစုဝေးဝေး အကောင်အထည်ဖော်တဲ့ ကျောင်းတွေမှာ အားကစားအမျိုးမျိုးကို ထည့်သွင်းလေ့ကျင့်စေတာပါ။ စာမေးပွဲရမှတ်လိုက်မမီတဲ့ လူ့တန်ဖိုးအစစ်အမှန်တွေပါ။ အချိန်ကုန်တယ်၊ အချိန်ဖြုန်းတယ်လို့ မြင်သူတွေမှာ ပညာမျက်စိအားနည်းနေကြလို့ ကလေးတွေရဲ့ ကိုယ်ကျန်းမာ၊ ဉာဏ်ရည်ထက်သည့် ဘဝတစ်လျှောက်လုံးကို ကြိုမြင်နိုင်စွမ်းမရှိတာပါ။ ပညာရေးပညာရှင်ကြီးတွေက အရှည်မြင် ဉာဏ်မျက်စိနဲ့ မျိုးဆက်သစ်တွေရဲ့ အနာဂတ်ကောင်းကျိုးအတွက် လူငယ်တိုင်း အားကစားမှာ ပါဝင်နိုင်ဖို့ အလေးထားစီမံခဲ့ကြတာပါ။

အချုပ်အားဖြင့် လူငယ်ဆိုတာ မိသားစု၊ လူ့အဖွဲ့အစည်းရဲ့ မျှော်လင့်ချက်အားထားရာပါ။ အားထားရာ၊ အားကိုးထိုက်သူ၊ အနာဂတ်ဖန်တီးသူ၊ လူ့အဖွဲ့အစည်းကို သာယာငြိမ်းချမ်းအောင် ခေါင်းဆောင်နိုင်သူဟာ ကိုယ်ရောစိတ်ပါ ကျန်းမာကြံ့ခိုင်နေရန် လိုပါတယ်။ စိတ်ဓာတ်ရေးရာ မခိုင်မာသူ၊ ကိုယ်ခန္ဓာမကျန်းမာသူဟာ အနာဂတ် မြန်မာ့လူ့အဖွဲ့အစည်းကို ခေါင်းဆောင်နိုင်သူ ဖြစ်မလာနိုင်ပါ။

ကိုယ်ကာယလည်း သွက်လက်ခိုင်မာ၊ ဉာဏ်ပညာလည်း ထက်မြက်စေရန် "အားကစား" ကို လူငယ်တိုင်း မဖြစ်မနေလုပ်ရန် လိုအပ်ပေသည်။ လိုအပ်တာမှ ဘဝတစ်လျှောက်လုံးပါ။ သို့ပါ၍ မြန်မာ့ပညာရေးကို ရှေ့တန်းက အကောင်အထည်ဖော်နေကြသည့် ကျောင်းများက **"ကျောင်းသား လူငယ်ဖွံ့ဖြိုးရေး အားကစားကို လူငယ်တိုင်း ပါဝင်ပေး"** ဆောင်ပုဒ်ဖြင့် အကောင်အထည်ဖော်သင့်ပါကြောင်း အကြံပြုရင်း အားကစားသည် လူငယ်စွမ်းရည်မြှင့်တင်ပေးနိုင်ခြင်း၏ အဓိကအချက်ဖြစ်ကြောင်း မိမိ၏အမြင်ကို ရေးသားလိုက်ရပါသည်။ ။

---

❍ ရှေ့ဖုံးမှ

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ Website မှတစ်ဆင့် ရုံးချုပ်သို့ လျှောက်ထားနိုင်မည်ဖြစ်ကြောင်းနှင့် ဌာနမှ သတ်မှတ်ချက်ဖြင့်ကိုက်ညီသော လျှောက်ထားမှုများအတွက် သတ်မှတ်ကြေးပေးသွင်းရာတွင် ကြိုးကြပ်ခ၊ မီးသွယ်ခ၊ မီးဆက်ခအပါအဝင် ပေးသွင်းရမည့်နှုန်းထားများသည် ယခင်အတိုင်း ပြောင်းလဲခြင်းမရှိဘဲ ပေးသွင်းရမည်ဖြစ်ကြောင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းစာများတွင် အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ထိုသို့ ကြေညာခဲ့မှုအပေါ် Digital Smart မီတာအသစ်များကို Website မှတစ်ဆင့် လျှောက်ထားခဲ့ရာ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်မှ ၂၈ ရက်ထိ လျှောက်ထားသူ ၉၆၈၆ ဦး ရှိပြီး အဆိုပါ လျှောက်လွှာများထဲတွင် ဌာနမှ သတ်မှတ်ထားသော အချက်အလက်အထောက်အထားများ မပြည့်စုံခြင်း/ မကိုက်ညီခြင်းတို့ကြောင့် လျှောက်လွှာ ၂၄၈၂ စောင်ကို လျှောက်ထားသူများထံ ပြန်လည်အကြောင်းကြား ပေးပို့ခဲ့ပြီး ပြည့်စုံသော လျှောက်ထားမှု ၇၂၀၄ စောင်အား ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ထိ တပ်ဆင်ပြီးစီးမှုမှာ ၁၃၃၁ လုံးဖြစ်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ လျှောက်ထားသူများအား ဆက်လက်စိစစ်၍ Digital Smart Meter အသစ်များကို အမြန်ဆုံးတပ်ဆင်ပေးသွားမည်ဖြစ်ပါသည်။ Website မှတစ်ဆင့် လျှောက်ထားမှုစနစ်အရ ဝန်ဆောင်မှုကို လျင်မြန်စွာပေးနိုင်သဖြင့် လျှောက်ထားပြီး ၂၇ နာရီအတွင်း ပထမဦးဆုံးမီတာကို စတင်တပ်ဆင်ပေးနိုင်ခဲ့ပါသည်။

၃။ ပြည်သူလူထုအနေဖြင့် လျှောက်ထားရာတွင် အခက်အခဲဖြစ်ပေါ်နေပါက ဌာနမှ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရန်အတွက် အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် User Guide အား ဝန်ကြီးဌာန Website (www.moee.gov.mm)တွင် ဖော်ပြထားရှိပါကြောင်း အသိပေးပန်ကြားအပ်ပါသည်-

| | | |
|---|---|---|
| (က) | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (ရုံးချုပ်) | - ၀၆၇-၃၄၁၀၄၆၀ |
| ( ခ ) | ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC) | - ၁၇၁၇ |
| ( ဂ ) | မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (MESC) | - ၁၆၁၆ |
| | ၀၂-၄၀၃၉၃၃၀၊ ၀၂-၄၀၇၃၆၆၆၊ ၀၂-၄၀၇၂၆၁၈ (Hot Line) | |
| (ဃ) | ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ | - ၀၆၇-၃၄၁၀၄၀၇ |
| | ၀၉-၆၈၂၂၃၂၆၀၀၊ ၀၉-၆၆၅၄၃၂၅၇၅ | |

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

---



## သဃ်န်းကျွန်းမြို့နယ် ရွှေကျွန်းရောင်းဝယ်ရေးသမအသင်း အမှုဆောင်သစ်ရွေးချယ်

**ရန်ကုန် ဩဂုတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ရွှေကျွန်းရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲအား ငမိုးရိပ်ရပ်ကွက် အထက (ခွဲ) လ-၁ ကျောင်းဝင်းခန်းမ၌ ယမန်နေ့က ကျင်းပရာ အသင်းဥက္ကဋ္ဌ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိတို့က အမှုဆောင်သစ်ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားရှင်းလင်းပြီး အသင်းသား ၄၂၁ ဦးအား အစုအပေါ် အမြတ်ငွေများထုတ်ပေးပြီး အသင်းသားများ၏ အတည်ပြုချက်ဖြင့် အမှုဆောင်သစ်ငါးဦး ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။ ခိုင်စိုး

**ထာဝရကုသိုလ် ရယူဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

# မြန်မာစံချိန်စံညွှန်းများသတ်မှတ်ခြင်း

*(ယမန်နေ့မှအဆက်)*

**စဉ် မြန်မာစံချိန်စံညွှန်းများ**

၁၀၅။ MMS UNECE R 152:2020 M1 နှင့် N1 မော်တော်ယာဉ်များ၏ အဆင့်မြင့်အရေးပေါ် ဘရိတ်စနစ် (AEBS) နှင့်စပ်လျဉ်း၍ မော်တော်ယာဉ်အတည်ပြုချက်ပေးခြင်းဆိုင်ရာတစ်ပြေးညီ ပြဋ္ဌာန်းချက်စည်းမျဉ်း

၁၀၆။ MMS ISO 10282:2023 တစ်ခါသုံး ပိုးသတ်ထားသော ရော်ဘာခွဲစိတ်ခန်းသုံး လက်အိတ်များ – စံသတ်မှတ်ချက်

၁၀၇။ MMS ISO 11193–1:2020 တစ်ခါသုံး ဆေးဘက်ဆိုင်ရာ စစ်ဆေးရေးလက်အိတ်များ – အပိုင်း(၁)– ရော်ဘာစေးရည် သို့မဟုတ် ရော်ဘာအရည်ဖြင့် ပြုလုပ်ထားသော လက်အိတ်များအတွက် စံသတ်မှတ်ချက်

၁၀၈။ MMS ISO 11193–2:2006 တစ်ခါသုံး ဆေးဘက်ဆိုင်ရာ စစ်ဆေးရေးလက်အိတ်များ – အပိုင်း(၂)– ပိုလီဗီနိုင်းကလိုရိုက်ဖြင့် ပြုလုပ်ထားသော လက်အိတ်များအတွက် စံသတ်မှတ်ချက်

၁၀၉။ MMS ASTM A 370 –24a သံမဏိထုတ်ကုန်များ၏ စက်မှုစမ်းသပ်ခြင်းအတွက် စံသတ်မှတ်ချက်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၁၁၀။ MMS ASTM A 706/A 706 M–25 ကွန်ကရစ်အားဖြည့်ရန်အတွက် အစင်းပါသောနှင့် သတ္တုစပ်နည်းပါးသော ရိုးရိုးသံမဏိချောင်းများအတွက် စံသတ်မှတ်ထားသော သတ်မှတ်ချက်

၁၁၁။ MMS ASTM A 751–25 သံမဏိထုတ်ကုန်များအား ဓာတုဗေဒနည်းဖြင့် ခွဲခြမ်း စိတ်ဖြာခြင်းအတွက် သတ်မှတ်ထားသော စမ်းသပ်နည်းများနှင့် လုပ်ထုံးလုပ်နည်းများ

၁၁၂။ MMS ASTM C 62–23 ဆောက်လုပ်ရေးလုပ်ငန်းသုံးအုတ်များ (မြေစေး(သို့မဟုတ်) ကျောက်စေးဖြင့် ပြုလုပ်ထားသော အတွင်းပိတ်အုတ်များ) အတွက် စံသတ်မှတ်ချက်

၁၁၃။ MMS ASTM C 67/ C 67M–25 အုတ်နှင့်ဖွဲ့စည်းပုံဆိုင်ရာ မြေခဲအုတ်ပြားများအား နမူနာယူခြင်းနှင့် စမ်းသပ်ခြင်းအတွက် စံသတ်မှတ်ထားသော စမ်းသပ်နည်းလမ်းများ

၁၁၄။ MMS ISO 247–2:2018 ရော်ဘာ – ပြာမှုန်ပါဝင်မှု သတ်မှတ်ခြင်း – အပိုင်း (၂) – အပူချိန်ဖြင့် ဒြပ်ထုပြောင်းလဲမှုကို ခွဲခြမ်းစိတ်ဖြာသည့်နည်းလမ်း (TGA)

၁၁၅။ MMS ISO 4074:2026 သဘာဝရော်ဘာစေးဖြင့် ပြုလုပ်ထားသော အမျိုးသားသုံးကွန်ဒုံးများ – လိုအပ်ချက်များနှင့် စမ်းသပ်နည်းလမ်းများ

၁၁၆။ MMS ISO 6101–6:2018 ရော်ဘာ – အက်တမ်စုပ်ယူမှု ရောင်စဉ်တိုင်းကိရိယာဖြင့် သတ္တုပါဝင်မှုဆုံးဖြတ်ခြင်း – အပိုင်း (၆) – မဂ္ဂနီဆီယမ်ပါဝင်မှုဆုံးဖြတ်ခြင်း

၁၁၇။ MMS ISO 23464:2020 နိုက်ထရိုင်းလ် (Nitrile) ဖြင့် ပြုလုပ်ထားသော သန့်စင်ခန်းသုံး လက်အိတ်များ– စံသတ်မှတ်ချက်

၁၁၈။ MMS ISO/IEC 27002:2022 သတင်းအချက်အလက်လုံခြုံရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် ကိုယ်ရေးကိုယ်တာအကာအကွယ်ပေးရေး – သတင်းအချက်အလက် လုံခြုံရေးအတွက် ထိန်းချုပ်ရေးနည်းလမ်းများ

၁၁၉။ MMS ISO 20022–1:2026 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကား ပုံစံသတ်မှတ်ချက်– အပိုင်း(၁) – မီတာမော်ဒယ်လ်(အခြေခံပုံစံ ဖွဲ့စည်းမှု)

၁၂၀။ MMS ISO 20022–2:2013 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ –ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကား ပုံစံသတ်မှတ်ချက် – အပိုင်း (၂) – UML (ပေါင်းစပ်မော်ဒယ်လ် ဘာသာစကား) ပရိုဖိုင်

၁၂၁။ MMS ISO 20022–3:2026 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကား ပုံစံသတ်မှတ်ချက် – အပိုင်း (၃) – ပုံစံဖွဲ့စည်းခြင်း

၁၂၂။ MMS ISO 20022–4:2013 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကား ပုံစံသတ်မှတ်ချက် – အပိုင်း (၄) – XML Schema ဖန်တီးခြင်း

၁၂၃။ MMS ISO 20022–5:2026 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကားပုံစံ သတ်မှတ်ချက် – အပိုင်း(၅) – အယူအဆအဆင့် အပြန်အလှန် ချိတ်ဆက်သုံးစွဲနိုင်မှုနှင့် နောက်ပြန်ဆန်းစစ်ခြင်း

၁၂၄။ MMS ISO 20022–6:2013 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ– ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကား ပုံစံသတ်မှတ်ချက် – အပိုင်း (၆) – မက်ဆေ့ချ် ပို့ဆောင်ခြင်းဆိုင်ရာ သွင်ပြင်လက္ခဏာများ

၁၂၅။ MMS ISO 20022–7:2026 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကား ပုံစံသတ်မှတ်ချက်– အပိုင်း(၇)– စာရင်းသွင်းခြင်း (သို့မဟုတ်) မှတ်ပုံတင်ခြင်း

၁၂၆။ MMS ISO 20022–8:2026 ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ – ကမ္ဘာ့ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သတင်းစကား ပုံစံသတ်မှတ်ချက် – အပိုင်း (၈) – ASN.1 ဖန်တီးခြင်း

၁၂၇။ MMS ISO/TR 23455:2019 ဘလော့ချိန်းနှင့်ဖြန့်ဝေထားသော စာရင်းအင်းနည်းပညာများ – ဘလော့ချိန်းနှင့် DLT စနစ်များရှိ စမတ်စာချုပ်များ၏ ခြုံငုံသုံးသပ်ချက်နှင့် ၎င်းတို့အကြား အပြန်အလှန် ဆက်စပ်ဆောင်ရွက်မှုများ

၁၂၈။ MMS ISO/ASTM 52900:2021 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing)– ယေဘုယျစည်းမျဉ်းများ – အခြေခံအချက်များနှင့် ဝေါဟာရ

၁၂၉။ MMS ISO/ASTM 52901:2017 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing)– ယေဘုယျစည်းမျဉ်းများ – ဝယ်ယူထားသော AM အပိုင်းအစများအတွက် လိုအပ်ချက်များ

၁၃၀။ MMS ISO/ASTM 52910:2018 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing)– ဒီဇိုင်းပုံဖော်ခြင်း – လိုအပ်ချက်များ၊ လမ်းညွှန်မှုများနှင့် အကြံပြုချက်များ

၁၃၁။ MMS ISO/ASTM 52911–1:2019 အလွှာလိုက်ထုတ်လုပ်ခြင်း နည်းပညာ (Additive Manufacturing)– ဒီဇိုင်းပုံဖော်ခြင်း – အပိုင်း(၁) – သတ္တုများအတွက် လေဆာအသုံးပြု၍ အမှုန့်အလွှာကို ပေါင်းစပ်အရည်ကျိုသည့်နည်းလမ်း

၁၃၂။ MMS ISO/ASTM 52915:2020 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) ဖိုင်ပုံစံသတ်မှတ်ချက် (AMF) အတွက် စံသတ်မှတ်ချက် – ဗားရှင်း ၁.၂

၁၃၃။ MMS ISO/ASTM 52927:2024 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing)– ယေဘုယျစည်းမျဉ်းများ – အဓိကဂုဏ်သတ္တိများနှင့် ယင်းတို့အတွက် သက်ဆိုင်ရာ စစ်ဆေးနည်းများ

၁၃၄။ MMS ISO/ASTM 52942:2020 အလွှာလိုက်ထုတ်လုပ်ခြင်း နည်းပညာ (Additive Manufacturing)– အရည်အချင်းစစ်ဆေးခြင်းဆိုင်ရာ စည်းမျဉ်းများ – အာကာသယာဉ်သုံး လေဆာအမှုန့်အလွှာပေါင်းစပ်သတ္တုထုတ်လုပ်ရေးစက်များနှင့် စက်ပစ္စည်းများအတွက် စက်ကိုင်တွယ်သူများ၏ အရည်အချင်းသတ်မှတ်ခြင်း

၁၃၅။ MMS ISO/ASTM 52950:2021 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing)– ယေဘုယျစည်းမျဉ်းများ – ဒေတာပြင်ဆင်ခြင်းလုပ်ငန်းစဉ်ဆိုင်ရာ ခြုံငုံသုံးသပ်ချက်

၁၃၆။ MMS ISO 17295:2023 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) – အထွေထွေအခြေခံမှုများ – ထုတ်လုပ်မည့်အစိတ်အပိုင်း၏ နေရာချထားခြင်း၊ ကိုဩဒီနိတ်စနစ်နှင့် ဦးတည်ချက်သတ်မှတ်ခြင်း

၁၃၇။ MMS ISO 17296–2:2015 အလွှာလိုက်ထုတ်လုပ်ခြင်းနည်းပညာ (Additive Manufacturing) – ယေဘုယျစည်းမျဉ်းများ – အပိုင်း (၂) – ထုတ်လုပ်မှုလုပ်ငန်းစဉ် အမျိုးအစားများနှင့် ပါဝင်အသုံးပြုသော ပစ္စည်းများဆိုင်ရာ ခြုံငုံသုံးသပ်ချက်

၁၃၈။ MMS ISO 740:1976 စက်မှုလုပ်ငန်းသုံး ဆိုဒီယမ်ကာဗွန်နိတ် – စုစုပေါင်းပျော်ဝင်သည့် အယ်ကာလီပမာဏကို တိုင်းတာခြင်း – တိုက်ထရေးရှင်း ဓာတ်ခွဲနည်းစဉ်

၁၃၉။ MMS ISO 918:1983 စက်မှုလုပ်ငန်းသုံး အငွေ့ပြန်နိုင်သော အော်ဂဲနစ်အရည်များ – ပေါင်းခံခြင်းဆိုင်ရာ ဝိသေသလက္ခဏာများကို တိုင်းတာခြင်း

၁၄၀။ MMS ISO 2480:1972 စက်မှုလုပ်ငန်းသုံး ဆိုဒီယမ်ကလိုရိုဒ် – ဆာလဖိတ်ပါဝင်မှုကို တိုင်းတာခြင်း– ဘေရီယမ်ဆာလဖိတ် ဂရက်ဗီမက်ထရစ်နည်းစဉ်

၁၄၁။ MMS ISO 5796:2000 ရော်ဘာပေါင်းစပ်ပါဝင်ပစ္စည်းများ – သဘာဝကယ်လစီယမ် ကာဗွန်နိတ်– စမ်းသပ်ခြင်းနည်းစဉ်

၁၄၂။ MMS ISO 701:1998 နိုင်ငံတကာဂီယာအမှတ်အသားစနစ် – ဂျီဩမေတြီဆိုင်ရာ သင်္ကေတများ

၁၄၃။ MMS ISO 1122–1:1998 + Cor 1:1999 + Cor 2:2009 ဂီယာအသုံးအနှုန်းဆိုင်ရာ ဝေါဟာရများ– အပိုင်း(၁) – ဂျီဩမေတြီဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုချက်များ

၁၄၄။ MMS ISO 1122–2:1999 ဂီယာအသုံးအနှုန်းဆိုင်ရာ ဝေါဟာရများ – အပိုင်း(၂) – worm ဂီယာအတွက် ဂျီဩမေတြီဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်များ

၁၄၅။ MMS ISO 21049:2004 ပန့်များ – centrifugal နှင့် rotary ပန့်များအတွက် Shaft sealing စနစ်များ

၁၄၆။ MMS ISO 21630:2007 ပန့်များ – စမ်းသပ်စစ်ဆေးခြင်း – ရေဆိုးများနှင့် အလားတူအရာများအတွက် အသုံးပြုသည့်ရေအောက်ရောနှောစက်များ

၁၄၇။ MMS 64 : 2026 ဒီဇယ်ဆီ (500 ppm, 50 ppm, 10 ppm) အရည်အသွေး စံသတ်မှတ်ချက်များ

၁၄၈။ MMS 65 : 2026 E10 Gasohol (RON 70) အရည်အသွေး စံသတ်မှတ်ချက်များ

၁၄၉။ MMS 66 : 2026 ဓာတ်ဆီ (RON 91) အရည်အသွေး စံသတ်မှတ်ချက်များ

၁၅၀။ MMS 67 : 2026 ဓာတ်ဆီ (RON 92) အရည်အသွေး စံသတ်မှတ်ချက်များ

၁၅၁။ MMS 68 : 2026 ဓာတ်ဆီ (RON 95) အရည်အသွေး စံသတ်မှတ်ချက်များ

၁၅၂။ MMS 69 : 2026 ဓာတ်ဆီ (RON 97) အရည်အသွေး စံသတ်မှတ်ချက်များ

၁၅၃။ MMS ISO 21625:2020 ဝါးနှင့် ဝါးထွက်ကုန်ပစ္စည်းများဆိုင်ရာ ဝေါဟာရများ

၁၅၄။ MMS ISO 21626–1:2020 ဝါးမီးသွေး – အပိုင်း (၁) – ယေဘုယျအချက်များ

၁၅၅။ MMS ISO 21626–2:2020 ဝါးမီးသွေး – အပိုင်း(၂) –လောင်စာအဖြစ် အသုံးပြုခြင်း

၁၅၆။ MMS ISO 21626–3:2020 ဝါးမီးသွေး – အပိုင်း (၃) – သန့်စင်ခြင်းဆိုင်ရာ အသုံးပြုမှုများ

၁၅၇။ MMS ISO 21629–1:2021 ဝါးဖြင့်ပြုလုပ်ထားသော ကြမ်းခင်းပြားများ – အပိုင်း (၁) – အိမ်တွင်း၌ အသုံးပြုခြင်း

၁၅၈။ MMS ISO/IEC/IEEE 12207:2026 စနစ်နှင့်ဆော့ဖ်ဝဲ အင်ဂျင်နီယာ – ဆော့ဖ်ဝဲဘဝဖြစ်စဉ် လည်ပတ်မှုလုပ်ငန်းစဉ်များ

၁၅၉။ MMS ISO/IEC 20000–10:2018 သတင်းအချက်အလက်နည်းပညာ – ဝန်ဆောင်မှုစီမံခန့်ခွဲမှု – အပိုင်း(၁၀) –အယူအဆများနှင့် ဝေါဟာရများ

၁၆၀။ MMS ISO/IEC/IEEE 24748–1:2024 စနစ်နှင့်ဆော့ဖ်ဝဲ အင်ဂျင်နီယာ – ဘဝဖြစ်စဉ် လည်ပတ်မှုအား စီမံခန့်ခွဲခြင်း – အပိုင်း(၁) – ဘဝဖြစ်စဉ်လည်ပတ်မှုစီမံခန့်ခွဲရန် လမ်းညွှန်ချက်များ

၁၆၁။ MMS ISO/IEC/IEEE 24765:2017 စနစ်နှင့်ဆော့ဖ်ဝဲ အင်ဂျင်နီယာ – ဝေါဟာရများ

၁၆၂။ MMS ISO/IEC 25000:2014 စနစ်နှင့် ဆော့ဖ်ဝဲအင်ဂျင်နီယာ – စနစ်နှင့်ဆော့ဖ်ဝဲ အရည်အသွေး လိုအပ်ချက်များနှင့် အကဲဖြတ်ခြင်း (SQuaRE) – SQuaRE အတွက် လမ်းညွှန်

၁၆၃။ MMS ISO/IEC 25010:2023 စနစ်နှင့်ဆော့ဖ်ဝဲအင်ဂျင်နီယာ – စနစ်နှင့်ဆော့ဖ်ဝဲ အရည်အသွေး လိုအပ်ချက်များနှင့် အကဲဖြတ်ခြင်း (SQuaRE) – ထုတ်ကုန်အရည်အသွေး မော်ဒယ်

၁၆၄။ MMS ISO/IEC/IEEE 27032:2023 ဆိုက်ဘာလုံခြုံရေး – အင်တာနက်လုံခြုံရေးအတွက် လမ်းညွှန်ချက်များ

၁၆၅။ MMS ISO/IEC 27701:2025 သတင်းအချက်အလက် လုံခြုံရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် ကိုယ်ရေးကိုယ်တာ ကာကွယ်မှု – ကိုယ်ရေးကိုယ်တာအချက်အလက်စီမံခန့်ခွဲမှုစနစ်များ – လိုအပ်ချက်များနှင့် လမ်းညွှန်ချက်များ

၁၆၆။ MMS ISO/IEC 29110–4–3:2018 စနစ်နှင့်ဆော့ဖ်ဝဲ အင်ဂျင်နီယာ – အလွန်သေးငယ်သော အဖွဲ့အစည်းများ (Very Small Entities (VSEs))အတွက် ဘဝဖြစ်စဉ် လည်ပတ်မှုပရိုဖိုင်များ – အပိုင်း (၄–၃) – ဝန်ဆောင်မှုပေးအပ်ခြင်း – ပရိုဖိုင်သတ်မှတ်ချက်

၁၆၇။ MMS ISO/IEC/IEEE 29119–1:2022 ဆော့ဖ်ဝဲနှင့်စနစ် အင်ဂျင်နီယာ – ဆော့ဖ်ဝဲစမ်းသပ်ခြင်း – အပိုင်း (၁) – အထွေထွေအယူအဆများ

၁၆၈။ MMS ISO/IEC/IEEE 90003:2018 ဆော့ဖ်ဝဲ အင်ဂျင်နီယာ – ကွန်ပျူတာဆော့ဖ်ဝဲတွင် ISO 9001:2015 ကို အသုံးချရန် လမ်းညွှန်ချက်များ

၁၆၉။ MMS ISO 12100:2010 စက်ယန္တရားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး – ဒီဇိုင်းဆွဲခြင်းအတွက် ယေဘုယျစည်းမျဉ်းများ – ဘေးအန္တရာယ်ဆန်းစစ် အကဲဖြတ်ခြင်းနှင့် ဘေးအန္တရာယ်လျှော့ချခြင်း

၁၇၀။ MMS ISO/TR 22100–1:2021 စက်ယန္တရားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး – ISO 12100 နှင့် ဆက်စပ်မှု အပိုင်း (၁) – ISO 12100 သည် အမျိုးအစား–B နှင့် အမျိုးအစား–C စံချိန်စံညွှန်းများနှင့် မည်သို့ဆက်စပ်ပုံ

၁၇၁။ MMS ISO/TR 22100–2:2013 စက်ယန္တရားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး – ISO 12100 နှင့် ဆက်နွှယ်ပုံ –အပိုင်း (၂) – ISO 12100 သည် ISO 13849–1 နှင့် မည်သို့ သက်ဆိုင်ပုံ

*စာမျက်နှာ ၁၃ သို့*



## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ အပတ်စဉ် စနေနေ့တိုင်း မြို့/ရွာသန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်

ပဲခူး ဩဂုတ် ၂၉

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ အပတ်စဉ် စနေနေ့တိုင်း မြို့/ရွာသန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်၌ တစ်ပြိုင်တည်း ပြုလုပ်သည်။**

ဦးစွာ သမိုင်းဝင်ကျိုက်ပုညာယျ စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်နှင့် ရင်ပြင်ပတ်ဝန်းကျင်တို့၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများ စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက လိုက်လံကြည့်ရှုအားပေးပြီး စေတီတော်မြတ်ကြီး တင့်တယ်သပ္ပာယ်ကြည်ညိုဖွယ်ဖြစ်စေရေး၊ ရင်ပြင်တော်ပေါ်၌ သန့်ရှင်းသပ်ရပ်စေရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြေစေရေး စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ အများနှင့်သက်ဆိုင်သည့် ကားလမ်း(ဝဲ/ယာ)၊ မီးရထားလမ်း(ဝဲ/ယာ)၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေး အဆောက်အအုံများ၊ ဌာနဆိုင်ရာရုံးများ၊ ရပ်ကွက်အတွင်းလမ်းဘေး(ဝဲ/ယာ)၊ ပန်းခြံများနှင့် သောက်သုံးရေကန်များတွင် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ရပ်ကွက်နေ ပြည်သူများ၏ စုပေါင်းအားဖြင့် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဘားအံတက္ကသိုလ်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ဘားအံ ဩဂုတ် ၂၉

**ကရင်ပြည်နယ် ဘားအံမြို့ရှိ ဘားအံတက္ကသိုလ်တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ စုပေါင်း၍ အမှိုက်သရိုက်များဖယ်ရှားရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်ကြသည်။**

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ထို့ပြင် လှိုင်းဘွဲ့မြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများကို လှိုင်းဘွဲ့မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ သွားရောက်တွေ့ဆုံပြီး တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းစာကြည့်တိုက် အဆောက်အအုံ တည်ဆောက်ပြီးစီးမှု၊ စာသင်ခန်း၊ စာသင်ဆောင်၊ ပရိဘောဂ၊သင်ထောက်ကူပစ္စည်းများ ပြည့်စုံလုံလောက်မှု ရှိ/မရှိနှင့် သင်ကြားသင်ယူနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဆရာ ဆရာမများအတွက် အထွေထွေအသုံးစရိတ် ငွေကျပ်သုံးသိန်းကို ကျောင်းအုပ်ကြီးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## ရေဘုတ်ရေလှောင်တမံ ရေသောက်ဧရိယာရှိ တောင်သူများအား စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသိပညာပေး

**လှိုင်းဘွဲ့ ဩဂုတ် ၂၉**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် သမ္ဘာန်ကျေးရွာအနီး ရေဘုတ်ရေလှောင်တမံ ရေသောက်ဧရိယာရှိ တောင်သူများအား စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောပွဲကို ယနေ့ မွန်းလွဲပိုင်းက ကျင်းပရာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူးများက စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ သီးနှံအလိုက် အထွက်နှုန်းတိုးတက်ရေး နည်းပညာများ၊ မျိုးစေ့ချကိရိယာ/လက်ဆွဲကောက်စိုက်စက်ကို အသုံးပြု၍ စိုက်ပျိုးခြင်းဖြင့်ရရှိလာနိုင်သော အကျိုးကျေးဇူးများ၊ စက်ကိရိယာများ အစားထိုးအသုံးပြုခြင်းဖြင့် ရရှိလာနိုင်သော အကျိုးကျေးဇူးများ၊ အယ်လ်နီညိုကြောင့်ကြုံတွေ့လာနိုင်သည့်ရာသီဥတု အခြေအနေများ၊ မွေးမြူကောင်ရေတိုးတက်မွေးမြူလာစေရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များ၊ သမဝါယမစနစ်ကို မဏ္ဍိုင်ပြု၍ စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်လုပ်ငန်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် မဟာဗျူဟာ(၈)ရပ်ဖြင့် ဆောင်ရွက်မည့်အစီအစဉ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံသို့ တက်ရောက်နိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍လည်းကောင်း ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## ဂျပန် နိုင်ငံတကာဖိတ်ခေါ် ဘောလုံးပြိုင်ပွဲသို့ မြန်မာ U-17 အသင်း ဖိတ်ကြားခံရ

**ရန်ကုန် ဩဂုတ် ၂၉**

ဂျပန်ဘောလုံးအဖွဲ့ချုပ်(JFA) က ကြီးမှူး၍ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ ၂၂ ရက်အထိ ဂျပန်နိုင်ငံ နီဂါတာမြို့၌ ကျင်းပမည့် (၂၈) ကြိမ်မြောက် 2026 International Youth Football in Niigata ဖိတ်ခေါ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ U-17 အမျိုးသားလက်ရွေးစင်အသင်း ဖိတ်ကြားခံခဲ့ရသည်။

ယခုပြိုင်ပွဲတွင် အိမ်ရှင် ဂျပန် U-17 အသင်း၊ နီဂါတာလက်ရွေးစင်အသင်း (Niigata Selection Team)၊ နယူးဇီလန် U-17 အသင်းနှင့် မြန်မာ U-17 အသင်းတို့ ပတ်လည်စနစ်ဖြင့် တစ်သင်းလျှင် သုံးပွဲစီ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မြန်မာအသင်းတွင် U-19 ကစားသမားငါးဦး ပေါင်းစပ်ပါဝင်ခွင့် ရရှိထားသည်။

မြန်မာအသင်းနှင့် ရင်ဆိုင်ရမည့် ပြိုင်ဘက်များဖြစ်သည့် ဂျပန်နှင့် နယူးဇီလန်တို့သည် ၂၀၂၆ U-17 ကမ္ဘာ့ဖလားဝင် အသင်းများဖြစ်ကြရာ ယခုပြိုင်ပွဲသည် မြန်မာလူငယ်အသင်းအတွက် အာရှနှင့် သမုဒ္ဒရာပိုင်းဇုန် ချန်ပီယံ ထိပ်သီးအသင်းများနှင့် ယှဉ်ပြိုင်ပြီး အတွေ့အကြုံကောင်းများရယူနိုင်မည့် အခွင့်အလမ်းကောင်းတစ်ခုဖြစ်သည်။



မြန်မာ U-17 အသင်းကို ဂျပန်လူမျိုး နည်းပြချုပ် ယုဂျီဆူအိုကာက ဦးဆောင်ကိုင်တွယ်မည်ဖြစ်ပြီး အသင်းအုပ်ချုပ်သူအဖြစ် ဦးရန်ပိုင်၊ လက်ထောက်နည်းပြ ဦးအောင်မိုး၊ ဂိုးနည်းပြ ဦးမြကိုမင်း၊ နည်းစနစ်ဒါရိုက်တာ Mita Michiteru တို့ အပါအဝင် နည်းပြ/အုပ်ချုပ်သူအဖွဲ့က တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာအသင်းသည် စက်တင်ဘာ ၁၅ ရက်တွင် နီဂါတာမြို့သို့ ရောက်ရှိမည်ဖြစ်ပြီး ပွဲစဉ်များကို စက်တင်ဘာ ၁၇၊ ၁၉ နှင့် ၂၀ ရက်တို့တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**နေမျိုး**
**ဓာတ်ပုံ-MFF**

*စာမျက်နှာ ၁၂ မှ*

၁၇၂။ MMS ISO/TR 22100-3:2016 စက်ယန္တရားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေး - ISO 12100 နှင့် ဆက်နွယ်ပုံ - အပိုင်း(၃) - ဘေးအန္တရာယ်ကင်းရှင်းရေး စံနှုန်းများတွင် လူသားချင်းစာနာမှုဆိုင်ရာ (Ergonomic) မူများ ကျင့်သုံးအကောင်အထည်ဖော်ခြင်း

၁၇၃။ MMS ISO 32000-1:2008 စာရွက်စာတမ်းစီမံခန့်ခွဲမှု - သယ်ယူရလွယ်ကူသော စာရွက်စာတမ်းပုံစံ အပိုင်း (၁) - PDF 1.7

၁၇၄။ MMS ISO/IEC TR 24368:2022 သတင်းအချက်အလက်နည်းပညာ - ဉာဏ်ရည်တု နည်းပညာ- ကျင့်ဝတ်ဆိုင်ရာနှင့် လူမှုအသိုင်းအဝိုင်းဆိုင်ရာ စိုးရိမ်မှုများ၏ ခြုံငုံ သုံးသပ်ချက်

၁၇၅။ MMS ISO/IEC TR 63306-1:2020 စမတ်ကျသော ကုန်ထုတ်လုပ်မှု စံချိန်စံညွှန်းမြေပုံ (SM2) - အပိုင်း(၁) -မူဘောင်

၁၇၆။ MMS IEC TR 63319:2025 စမတ်ကုန်ထုတ်လုပ်မှုဆိုင်ရာ ရည်ညွှန်းပုံစံများကို မီတာ-မော်ဒယ်လ် အသုံးပြု၍ ဆန်းစစ် လေ့လာသည့်နည်းလမ်း

၁၇၇။ MMS ISO 8000-1:2022 ဒေတာအရည်အသွေး - အပိုင်း(၁)- ခြုံငုံသုံးသပ်ချက်

၁၇၈။ MMS ISO 10303-1:2024 စက်မှုလုပ်ငန်းသုံး အလိုအလျောက်စနစ်များနှင့်ပေါင်းစပ်ခြင်း - ထုတ်ကုန်အချက်အလက်ဖော်ပြခြင်းနှင့် ဖလှယ်ခြင်း - အပိုင်း(၁)- ခြုံငုံသုံးသပ်ချက်နှင့် အခြေခံသဘောတရားများ

၁၇၉။ MMS ISO 15926-10:2019 စက်မှုလုပ်ငန်းသုံး အလိုအလျောက်စနစ်များနှင့် ပေါင်းစည်းခြင်း - ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးစက်ရုံများအပါအဝင် စက်မှုလုပ်ငန်းသုံး စက်ရုံများအတွက် သက်တမ်းလည်ပတ်မှု ဒေတာပေါင်းစည်းခြင်း - အပိုင်း (၁၀) - လိုက်လျောညီထွေမှု စမ်းသပ်ခြင်း

၁၈၀။ MMS ISO 22745-1:2010 စက်မှုလုပ်ငန်းသုံး အလိုအလျောက်စနစ်များနှင့် ပေါင်းစပ်ခြင်း - ပွင့်လင်းသော နည်းပညာဆိုင်ရာ အဘိဓာန်များနှင့် ၎င်းတို့ကို အခြေခံဒေတာ (Master Data)တွင် အသုံးပြုခြင်း - အပိုင်း(၁) - ခြုံငုံသုံးသပ်ချက်နှင့် အခြေခံသဘောတရားများ

၁၈၁။ MMS ISO 20492-2: 2008 အဆောက်အဦများတွင် အသုံးပြုသောမှန် - လျှပ်ကာမှန် - အပိုင်း(၂)- ဓာတုအငွေ့များကြောင့် ဖန်မျက်နှာပြင်မှုန်ဝါးမှုအား စမ်းသပ်ခြင်း

၁၈၂။ MMS ISO 21690: 2021 အဆောက်အဦများတွင် အသုံးပြုသောမှန် - ဖန်တုံးများ - အတိုင်းအတာ သတ်မှတ်ချက်များနှင့် စမ်းသပ်ခြင်းနည်းလမ်းများ

၁၈၃။ MMS ISO 59004:2024 စက်ဝိုင်းစီးပွားရေးစနစ် - အကောင်အထည်ဖော်ရန်အတွက် ဝေါဟာရများ၊ အခြေခံမူများနှင့် လမ်းညွှန်ချက်များ

## အမေရိကန် အာကာသအကယ်ဒမီတည်ထောင်ရန် အမေရိကန်သမ္မတ ထရမ့် လက်မှတ်ရေးထိုး



ဝါရှင်တန် ဩဂုတ် ၂၉

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် နာဆာ၏ ဟူစတန်မြို့ရှိ ဂျွန်ဆင်အာကာသ စင်တာ၌ အမေရိကန်၏ပထမဆုံးအာကာသ အကယ်ဒမီ စတင်တည်ထောင်ရန် အုပ်ချုပ်ရေးအမိန့်ကို ဩဂုတ် ၂၈ ရက်က လက်မှတ်ရေးထိုးခဲ့သည်။

အမေရိကန်အာကာသ တပ်ဖွဲ့နှင့် အာကာသစီးပွားရေးလုပ်ငန်းများ လျင်မြန်စွာတိုးတက်လာစေရန်နှင့် လနှင့် လအလွန်အာကာသ ဒေသများသို့ သွားလာနိုင်ရေး ရည်မှန်းချက်ကို ချဲ့ထွင်ရန်အတွက် ကျွမ်းကျင်သည့် အမှုထမ်းများ၊ အင်ဂျင်နီယာများနှင့် အရပ်ဘက်အာကာသလုပ်ငန်း လုပ်ကိုင်သူများကို မျိုးဆက်တစ်ခုလုံးအတွက် လေ့ကျင့်သင်ကြားပေးရန် လိုအပ်သည်ဟု ထရမ့်က ပြောသည်။

အမေရိကန် အာကာသ အကယ်ဒမီဆိုင်ရာ သမ္မတက ဖွဲ့စည်းသည့် ကော်မရှင်အသစ်တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ရန် နာဆာအုပ်ချုပ်ရေးမှူး ဂျားအိုက်စခမန်းကို ထရမ့်က တောင်းဆိုခဲ့သည်။

လက်မှတ်ရေးထိုးပြီး ရက်ပေါင်း ၁၂၀ အတွင်း အဆိုပါကော်မရှင်က ထရမ့်ထံ အစီရင်ခံစာ တင်ပြမည်ဟု မျှော်မှန်းရသည်။ အဆိုပါအစီရင်ခံစာတွင် အုပ်ချုပ်မှု မူဘောင်၊ ဘွဲ့ရများအတွက် တာဝန်ထမ်းဆောင်ရမည့် ဝတ္တရားများ၊ အကယ်ဒမီ၏ တည်နေရာနှင့် အခြားအချက်များအပေါ် အကြံပြုချက်များ ပါဝင်မည်ဖြစ်သည်။

ဆင်ဟွာ

## ယခုရာသီအတွင်း အပျော်စီးသင်္ဘောခရီးသည် နှစ်သိန်းနီးပါး ဝင်ရောက်နိုင်ဟု နယူးဇီလန် ခန့်မှန်း

ဝယ်လင်တန် ဩဂုတ် ၂၉

ယခုနှစ် အပျော်စီးသင်္ဘောရာသီအတွင်း နယူးဇီလန်သို့ အပျော်စီးသင်္ဘောခရီးသည် ၂၀၀၀၀၀ နီးပါး လာရောက်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ ယင်းခရီးသွားများကြောင့် ဒေသတွင်းခရီးသွားလုပ်ငန်း၊ အလုပ်အကိုင်များနှင့် စီးပွားရေးလုပ်ငန်းများကို အထောက်အကူပြုမည်ဟု အဆင့်မြင့်အရာရှိကြီးတစ်ဦးက ဩဂုတ် ၂၉ ရက်တွင် ပြောသည်။

အော့ကလန်မြို့၌ ဆိုက်ကပ်သည့် Crown Princess အပျော်စီးသင်္ဘောပေါ်မှ ခရီးသွားများကို ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝတ်ပြုလုပ်ငန်းဝန်ကြီး လူဝီစ်အပ်စတန်က ကြိုဆိုခဲ့သည်။ ထို့နောက် အပျော်စီးသင်္ဘောခရီးသွားရာသီသစ် စတင်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

ခရီးသွားကဏ္ဍသည် ငါးနှစ်ကြာစိန်ခေါ်မှုများနှင့် ကြုံတွေ့ပြီးနောက် ပြန်လည်မြင့်တက်လာနေသည့် အားတက်ဖွယ်လက္ခဏာများ တွေ့ရှိနေရသည်ဟု ၎င်းက ဆက်ပြောသည်။ နယူးဇီလန်နိုင်ငံတွင် စီးပွားရေးလုပ်ကိုင်ရန်နှင့် သင်္ဘောလိုင်းများအနေဖြင့် နယူးဇီလန်နိုင်ငံကို မဖြစ်မနေဆိုက်ကပ်ရမည့် လမ်းကြောင်းအဖြစ် ဖော်ဆောင်ရန် အစိုးရသည် အပျော်စီးသင်္ဘောကဏ္ဍနှင့်အတူ လက်တွဲလုပ်ဆောင်ခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆင်ဟွာ

## နီပေါနှင့် တရုတ်နယ်စပ်တွင် နောက်ဆက်တွဲဘေးအန္တရာယ် ဖြစ်ပွားနိုင်ခြေ မြင့်မားနေ

ခတ္တမန္ဒူ ဩဂုတ် ၂၉

နီပေါနှင့် တရုတ်နယ်စပ်တွင် ဩဂုတ် ၂၆ ရက်က ဖြစ်ပွားခဲ့သည့် ရုတ်တရက် ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူပေါင်း ၆၃၃ ဦးအထိ မြင့်တက်လာကြောင်း သိရသည်။

နီပေါအာဏာပိုင်များက ၎င်းတို့ဘက်ခြမ်းတွင် သေဆုံးသူ ၆၂၆ ဦးအထိ ရှိလာကြောင်း၊ ထို့အပြင် ရေအားလျှပ်စစ်စက်ရုံမှ ဝန်ထမ်း ၉၀၀ ကျော်မှာ အဆက်အသွယ်မရသေးသဖြင့် နီပေါဘက်ခြမ်းတွင် ပျောက်ဆုံးသူပေါင်း ၂၄၂၆ ဦးအထိရှိကြောင်း ပြောသည်။ တရုတ်နိုင်ငံပိုင်မီဒီယာများ၏ ဖော်ပြချက်အရ တရုတ်ဘက်ခြမ်းတွင် သေဆုံးသူ ခုနစ်ဦးနှင့် ပျောက်ဆုံးသူ ၅၅၄ ဦး ရှိကြောင်း သိရသည်။

နီပေါတွင် တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင် အင်အား ၁၀၀၀၀ ခန့် ဖြန့်ကြက်ချထားပြီး ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ရွှံ့များ၊ အပျက်အစီးများနှင့် ကျောက်တုံးကျောက်ခဲများက လမ်းများကို ပိတ်ဆို့ထားပြီး ကယ်ဆယ်ရေးအဖွဲ့များနှင့် ယာဉ်များအနေဖြင့် ဘေးဒဏ်သင့်ဒေသများသို့ရောက်ရှိရန် အခက်အခဲများကြုံတွေ့နေရသဖြင့် ရဟတ်ယာဉ်များအသုံးပြု၍ ကယ်ဆယ်ရေးဝန်ထမ်းများနှင့် ပစ္စည်းကိရိယာများကို ပို့ဆောင်နေရကြောင်း ဘေးအန္တရာယ် စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ပြောသည်။

အင်န်အိတ်ချ်ကေ

## ဘေးအန္တရာယ်ကြုံတွေ့ချိန် အစားအစာပြင်ဆင်နည်းများကို ဂျပန်မိသားစုများ လေ့ကျင့်

တိုကျို ဩဂုတ် ၂၉

တိုကျိုမြို့မြောက်ဘက် အိဘာရာကိခရိုင်ရှိ ပြည်သူများသည် ဘေးအန္တရာယ် ကျရောက်ချိန်တွင် အစားအစာများကို မည်သို့ပြင်ဆင်ရမည်ကို လေ့လာသင်ယူခဲ့ကြပြီး ကျွမ်းကျင်သူများထံမှ အသုံးဝင်သည့် အကြံပြုချက်များကို ရရှိခဲ့ကြောင်း သိရသည်။

မိဘအုပ်ထိန်းသူ အထောက်အကူပြု အစီအစဉ်တစ်စိတ်တစ်ပိုင်းအဖြစ် ဆူကုဘာမီရှိုင်မြို့တွင် ဩဂုတ် ၂၈ ရက်က အဆိုပါအစီအစဉ်ကို ပြုလုပ်ခဲ့ပြီး အသက် နှစ်နှစ်မှ ခြောက်နှစ်အရွယ် ကလေးငယ်များ အပါအဝင် လူပေါင်း ၃၀ ခန့် တက်ရောက်ခဲ့ကြသည်။

ပါဝင်သူများသည် သယ်ဆောင်ရ လွယ်ကူသည့် ဓာတ်ငွေ့မီးဖိုကို အသုံးပြု၍ ရေအကန့်အသတ်ဖြင့် စမ်းသပ် ချက်ပြုတ်ခဲ့ကြသည်။ ၎င်းတို့သည် အပူဒဏ်ခံအိတ်ထဲတွင် ဆန်များကို ပြုတ်ခဲ့ပြီး စည်သွပ်ဘူးများနှင့် အခြောက်ခံ အစားအစာများကို အသုံးပြုခဲ့ကြသည်။ ပန်းကန်များ ဆေးကြောစရာမလိုအပ်စေရေး ပလတ်စတစ်အိတ်များ စွပ်၍လည်း အသုံးပြုခဲ့ကြသည်။

အမှန်တကယ် ဘေးအန္တရာယ်ကြုံတွေ့ချိန်တွင် တည်ငြိမ်အေးဆေးစွာ ရင်ဆိုင်နိုင်ရန်အတွက် အရေးပေါ်အစားအစာပြင်ဆင်သည့် အတွေ့အကြုံ ရရှိထားရန် အရေးကြီးကြောင်း အာဟာရဗေဒပညာရှင် ဆာကာမာကိမိဒိုရီက ပြောသည်။

အင်န်အိတ်ချ်ကေ

## ပီရူး၌ ရာဇဝတ်မှုများတိုက်ဖျက်ရန် လီမာမြို့နှင့် ကာယာအိုပြည်နယ်တွင် အရေးပေါ်အခြေအနေကြေညာ

လီမာ ဩဂုတ် ၂၉

ပီရူးအစိုးရသည် မြို့တော်တည်ရှိရာ လီမာနှင့် အိမ်နီးချင်း ကာယာအိုပြည်နယ်တွင် မြင့်တက်လာသော ရာဇဝတ်မှုများနှင့် အကြမ်းဖက်မှုများကို တိုက်ဖျက်နှိမ်နင်းရန် ရက်ပေါင်း ၆၀ ကြာ အရေးပေါ်အခြေအနေအဖြစ် ဩဂုတ် ၂၈ ရက်တွင် ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။

အရေးပေါ်အခြေအနေအရ အမျိုးသားရဲတပ်ဖွဲ့သည် ထောက်လှမ်းရရှိသည့် သတင်းအချက်အလက်များ၊ ရာဇဝတ်မှုပြမြေပုံများနှင့် စာရင်းဇယားများ အပေါ်အခြေခံ၍ ဝင်ရောက်နှိမ်နင်းမည့် နေရာများကို ဆုံးဖြတ်သွားမည်ဖြစ်သည်။

ထို့အပြင် အဆိုပါအရေးပေါ်အခြေအနေအရ ပြည်သူများ၏ နေအိမ်လုံခြုံခွင့်၊ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်နှင့် စုဝေးခွင့်ကဲ့သို့သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများကို ကန့်သတ်ခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်းများ ပြုလုပ်နိုင်ကြောင်း သိရသည်။

ဆင်ဟွာ



## ဖိလစ်ပိုင်၌ ဇူလိုင်လအတွင်း ၁ ဒသမ ၁ ဘီလီယံပီဆိုတန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

မနီလာ ဩဂုတ် ၂၉

ဖိလစ်ပိုင်အစိုးရအေဂျင်စီများသည် ဇူလိုင်လအတွင်း ၁ ဒသမ ၁ ဘီလီယံပီဆို တန်ဖိုးရှိ တရားမဝင်မူးယစ်ဆေးဝါးများကို သိမ်းဆည်းရမိခဲ့ကြောင်း ဖိလစ်ပိုင်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအေဂျင်စီ (PDEA) က ဩဂုတ် ၂၈ ရက်တွင် ပြောကြားသည်။

ယင်းလအတွင်း PDEA သည် အခြားဥပဒေစိုးမိုးရေးအေဂျင်စီများနှင့်ပူးပေါင်း၍ နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးနှိမ်နင်းရေးလုပ်ငန်း ၃၅၇၂ မှုကို ဆောင်ရွက်ခဲ့ရာ မူးယစ်ဆေးဝါးနှင့် ဆက်စပ်သည့် သံသယရှိသူ ၄၄၂၆ ဦးကို ဖမ်းဆီးခဲ့ပြီး တရားမဝင်မူးယစ်ဆေးဝါး ထုတ်လုပ်သည့် အဆောက်အအုံ ၃၉ လုံးကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်အာဏာပိုင်များသည် ၂၀၂၂ ခုနှစ် ဇူလိုင်လမှစ၍ စုစုပေါင်း ၁၂၂ ဒသမ ၅၃ ဘီလီယံပီဆိုတန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ပြီး လူပေါင်း ၂၀၆၀၀၀ ကျော် ဖမ်းဆီးခဲ့ကာ ကျေးရွာပေါင်း ၃၀၁၈၆ ရွာကို မူးယစ်ဆေးဝါးကင်းစင်အောင် ဆောင်ရွက်ခဲ့ကြောင်း PDEA က ပြောကြားသည်။

ဆင်ဟွာ

■

## အီတလီနိုင်ငံ ခရီမိုနာမြို့၌ အင်အားပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ၄၃ ဦး ဒဏ်ရာရ

ရောမ ဩဂုတ် ၂၉

အီတလီနိုင်ငံမြောက်ပိုင်း ခရီမိုနာမြို့၌ ဩဂုတ် ၂၈ ရက်က အင်အားပြင်းမုန်တိုင်းနှင့်အတူ မိုးသီးကြွေကျခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများကြောင့် မြို့တစ်ဝန်း ကြီးမားသည့်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ဒေသတွင်းမီဒီယာက ဖော်ပြထားသည်။

မုန်တိုင်းကြောင့် ၄၃ ဦး ဒဏ်ရာရရှိကြောင်း၊ သစ်ပင်များ လဲကျပြီး အပျက်အစီးများကြောင့် လမ်းများပိတ်ဆို့ခဲ့ကြောင်း၊ အမိုးများ ပျက်စီးခဲ့ပြီး ယာဉ် ၁၀၀၀၀ ထက်မနည်း ထိခိုက်ပျက်စီးခဲ့ကြောင်းနှင့် ၁၀ မိနစ်ခန့်အတွင်းပင် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း အီတလီသတင်းစာ Corriere della Sera က ဖော်ပြထားသည်။

မီးသတ်တပ်ဖွဲ့ဝင်များနှင့် အခြားအရေးပေါ် ကူညီရေးဝန်ထမ်းများသည် အပျက်အစီးများနှင့် လဲကျနေသည့် သစ်ပင်များကို ရှင်းလင်းခြင်း၊ ပျက်စီးသွားသည့် ဒေသများကို အန္တရာယ်ကင်းအောင် ဆောင်ရွက်ခြင်းနှင့် အခက်အခဲကြုံတွေ့နေသူများအား ကူညီပေးခြင်းတို့ကို ညလုံးပေါက်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွားရာ ဒဏ်ရာရရှိသူ ၁၄ ဦးရှိ

ကဘူးလ် ဩဂုတ် ၂၉

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း လာ့ခ်မန်ပြည်နယ်၌ ဩဂုတ် ၂၈ ရက်နေ့ခင်းပိုင်းက ပေါက်ကွဲမှုဖြစ်ပွားရာ ဒဏ်ရာရရှိသူ ၁၄ ဦး ရှိကြောင်း ဒေသခံအာဏာပိုင်များက ဩဂုတ် ၂၉ ရက်တွင် ပြောသည်။

ပြည်နယ်မြို့တော် မက်တာလန်မြို့ ရာမန်နီစကွဲတွင် သုံးဘီးယာဉ်၌ တပ်ဆင်ထားသည့် ဓာတ်ငွေ့အိုး ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ကနဦးစုံစမ်းမှုများအရ သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ဆက်လက် လုပ်ဆောင်နေပြီး ဒဏ်ရာရရှိသူများကို အနီးအနားရှိ ဆေးဘက်ဆိုင်ရာ အဆောက်အအုံများသို့ ပို့ဆောင်ပေးထားကြောင်း အရာရှိတစ်ဦးက ပြောသည်။

ဆင်ဟွာ

# ဝဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရေဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၂၀ နှင့်ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် ဩဂုတ် ၂၉**

ရေဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင်လ ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝဝန်မြစ် ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဖြစ်ပွားလျက်ရှိရာ လေးမျက်နှာမြို့နယ်အတွင်း ဩဂုတ် ၁၄ ရက်တွင် ဝဝန်မြစ်ရေသည် ၇ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ရာမှ ယနေ့တွင် ၄ ပေ ၉ လက်မခန့်သာ ကျန်ရှိတော့သဖြင့် ၃ ပေခန့် ကျဆင်းသွားခဲ့ကြောင်း၊ ရေကြည်မြို့နယ်၌ ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်ထိအမြင့်ဆုံး ဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၉ ပေ ၂ လက်မခန့်သာ ကျန်ရှိတော့သဖြင့် ၂ ပေခန့် ကျဆင်းသွားခဲ့ကြောင်းနှင့် ငါးသိုင်းချောင်းမြို့တွင် ဝဝန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံး ဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၉ ပေ ၄ လက်မခန့်သာ ကျန်ရှိသဖြင့် ၁ ပေ ၅ လက်မခန့် ကျဆင်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ် ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားသည့် လေးမျက်နှာမြို့နယ် ညောင်ပင်ဝဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဝင်းအတွင်းရှိ စာသင်ခန်းများ၊ အဆောက်အအုံများ၊ စာသင်ခုံများ၊ လူသွားစင်္ကြံများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်သရိုက်များအား ရှင်းလင်းဆောင်ရွက်ပေးခြင်း၊ ဝဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြုရန် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များ ဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ဝဝန်ပန်းတာ တမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဩဂုတ် ၂၉**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ နယ်မြေခံ တပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ထို့ပြင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ နေ့လယ်စာအတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ လေ့လာ

**နေပြည်တော် ဩဂုတ် ၂၉**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား လူငယ်များ နိုင်ငံတော်၏ သမိုင်းနှင့် တပ်မတော်၏သမိုင်းကြောင်းများကို သိရှိပြီး အသိပညာဗဟုသုတများစွာ ရရှိစေရန်၊ တပ်မတော်၏ လုပ်ငန်း ဆောင်ရွက်ချက်များ၊ တပ်မတော် တည်ဆောက်မှုများ၊ တီထွင်ဆန်းသစ်မှုများကို ကြည့်ရှုလေ့လာပြီး အနာဂတ်ရည်မှန်းချက်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ် ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ Naypyitaw State Academyမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာ အလယ်တန်းကျောင်း (ရွာသစ်ကုန်း)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)အတွင်းရှိ ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်း ရုပ်ရှင်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြသပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြင်ပပြကွက်များအနေဖြင့် တပ်မတော်(ရေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော စစ်ရေယာဉ်ပုံစံတူများနှင့် တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကြသည်။

ထို့အပြင် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ဆုအဖြစ် ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။**

# ကျိုင်းတုံမြို့၌ ချေးငွေများလျှောက်ထားနိုင်ကြောင်း အသိပေးဆောင်ရွက်

**ကျိုင်းတုံ ဩဂုတ် ၂၉**

ကျိုင်းတုံမြို့၌ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ထုတ်ချေးပေးမည့် ချေးငွေများ လျှောက်ထားနိုင်ကြောင်း အသိပေးဆောင်ရွက်ခြင်းကို ဩဂုတ် ၂၆ ရက်က အမှတ် (၄) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

ထိုသို့ အသိပေးဆောင်ရွက်ရာတွင် ကျိုင်းတုံခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းထွေးက ချေးငွေများ လျှောက်ထားရာတွင် အာမခံပစ္စည်း တင်ပြနိုင်ခြင်းမရှိသော လုပ်ငန်းများအတွက် CGI စနစ်ဖြင့် ချေးငွေများ လျှောက်ထားရယူနိုင်ကြောင်း၊ ထို့ပြင် အာမခံပစ္စည်း တင်ပြနိုင်သော အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေး လုပ်ငန်းများအတွက် ချေးငွေများကို လျှောက်ထားရယူနိုင်ပြီး သက်သာသော အတိုးနှုန်းဖြင့် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း ဒေသခံစီးပွားရေးလုပ်ငန်းရှင် ပြည်သူများအား အသိပေးပြောကြား ဆွေးနွေးခဲ့သည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး တရုတ်နိုင်ငံသားသုံးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

**နေပြည်တော် ဩဂုတ် ၂၉**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့်ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်း ပေးအပ်လျက်ရှိသည်။



ထိုသို့ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်နေခဲ့သည့် တရုတ်နိုင်ငံသား သုံးဦးအား ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၂၉ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၆၇ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၆၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၀၇ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၈၉ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၈ ဦးတို့အား သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဝိုင်းမော်မြို့နယ်၌ ငွေကျပ် ၃၀၃၇ သိန်းတန်ဖိုး၊ အမရပူရမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့၌ ငွေကျပ်သိန်း ၉၂၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၉**

**ဝိုင်းမော်မြို့နယ်၌ ငွေကျပ် ၃၀၃၇ သိန်းတန်ဖိုး၊ အမရပူရမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့၌ ငွေကျပ်သိန်း ၉၂၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိပြီး ဖမ်းဆီးရမိသူများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။**



ပြစ်မှုကျူးလွန်သူ ဝွန်းဆန့်ကို ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၇ ရက် ည ၇ နာရီခွဲတွင် သတင်းအရ ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအနီးတွင် မြစ်ကြီးနားမြို့ ဂျန်မိုင်ကောင်းရပ်ကွက်နေ ဝွန်းဆန့်(၃၅)နှစ် မောင်းနှင်လာသော မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ဘိန်းဖြူ ၅ ဒသမ ၈၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၂၂၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၂၈၇ သိန်း) နှင့် စိတ်ပြောင်းဆေးဝါး HAPPY WATER ၂ ဒသမ ၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၇၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၁၇၅၀) ဖမ်းဆီးရမိသဖြင့် ဝွန်းဆန့်ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

ထို့တူ ဩဂုတ် ၂၆ ရက် ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ အမရပူရမြို့နယ် ကျင်တန်းရပ်ကွက်နေ ကျော်စိုး (၆၄)နှစ်နှင့် မသန္တာဦး (၅၅) နှစ်တို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၂၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၀၀) ဖမ်းဆီးရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ည ၆ နာရီတွင် စိတ်ကြွဆေးပြားများ လာရောက်ပို့ဆောင်သူ စဉ့်ကိုင်မြို့နယ် မြောက်ကိုင်းရွာနေ မနွယ်နွယ်ထွန်း(ခ)နွယ်နီ (၃၅) နှစ်အား အဆိုပါရပ်ကွက်၌ စိတ်ကြွဆေးပြား ၄၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၈၀)၊ CANDA ဆိုင်ကယ် တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကာ ည ၈ နာရီခွဲတွင် ၎င်းနေထိုင်သည့် စဉ့်ကိုင်မြို့နယ် မြောက်ကိုင်းရွာရှိ နေအိမ်မှ စိတ်ကြွဆေးပြား ၂၂၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၄၄၀) အား ထပ်မံသိမ်းဆည်းရမိသဖြင့် ကျော်စိုး၊ မသန္တာဦးနှင့် မနွယ်နွယ်ထွန်း(ခ)နွယ်နီတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

✣ *ကျောဖုံးမှ*

ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

❑ *ကျောဖုံးမှ*

ဧရာဝတီယူနိုက်တက်အသင်းသည် ပွဲဦးထွက်ရလဒ်ကောင်းရရှိရေးအတွက် တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း ပွဲချိန် ၁၁ မိနစ်တွင် ISPE အသင်းမှ ခိုင်ရဲဝင်းက ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပွဲကိုဦးဆောင်ခဲ့သည်။

သို့သော် ဧရာဝတီအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၂၇ မိနစ်တွင် လူမင်းချစ်က ပြန်လည်သွင်းယူခဲ့ပြီး မိနစ် ၃၀ တွင် မောင်တော့ပ်က ဒုတိယမြောက် အနိုင်ဂိုးသွင်းယူခဲ့သဖြင့် ISPE အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် နောက်မှလိုက်ကစားကာ အိမ်ကွင်းပရိသတ်များရှေ့တွင် ပထမဆုံးနိုင်ပွဲ ရယူနိုင်ခဲ့သည်။ ပွဲစဉ်အကောင်းဆုံးကစားသမားဆုကို ဧရာဝတီအသင်းမှ ကျောနံပါတ် ၂၇ မောင်တော့ပ်က ရရှိခဲ့သည်။

ဒဂုံစတားအသင်းနှင့်ဟံသာဝတီယူနိုက်တက်အသင်းပွဲစဉ်တွင် ဒဂုံစတားအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဒဂုံစတားအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၁၆ မိနစ်တွင် သီဟဇော်က သွင်းယူပေးခဲ့ပြီး ဒုတိယမြောက်အနိုင်ဂိုးကို ပွဲချိန် ၈၉ မိနစ်တွင် ရန်ကျော်ထွေးက ထပ်မံသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ယင်းပွဲတွင် ပွဲစဉ်အကောင်းဆုံးကစားသမားဆုကို ဒဂုံစတားယူနိုက်တက်အသင်းခေါင်းဆောင် သီဟဇော်က ရရှိခဲ့သည်။

M League ၂၀၂၆-၂၀၂၇ ပြိုင်ပွဲ ပွဲစဉ် (၁) တတိယနေ့ပွဲစဉ်များကို ဩဂုတ် ၃၀ ရက်တွင် ရန်ကုန်ယူနိုက်တက်နှင့် စစ်ကိုင်းယူနိုက်တက် (YUSC ကွင်း)၊ ရန်ကုန်စီးတီးနှင့် ရှမ်းယူနိုက်တက် (ပဒေသာကွင်း)တို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-MNL**

※ *ကျောဖုံးမှ*

သွင်းယူမိခဲ့သောကြောင့် Clean Sheet ရရှိမည့်အခွင့်အရေးနှင့် လွဲချော်ခဲ့ရသည်။ မန်စီးတီးအသင်းအတွက် နှစ်ဂိုးသွင်းယူနိုင်ခဲ့သော ကွင်းလယ်တိုက်စစ်ကစားသမား ရာကီသည် ပြီးခဲ့သည့် ဘုန်းမောက်အသင်းနှင့် ပွဲစဉ်တွင် ဂိုးဖန်တီးမှုနှစ်ကြိမ်ပြုလုပ်ထားသည်။ ထို့ကြောင့် ၎င်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် နှစ်ပွဲကစားပြီး သွင်းဂိုးနှစ်ဂိုးနှင့် ဂိုးဖန်တီးမှုနှစ်ကြိမ်အထိ ပြုလုပ်ထားနိုင်ပြီဖြစ်သည်။ မန်စီးတီးအသင်းသည် ယခုအနိုင်ပွဲကြောင့် နှစ်ပွဲကစား နှစ်ပွဲနိုင် ရမှတ် ခြောက်မှတ်ရရှိထားပြီး ပြိုင်ဘက် ခရစ္စတယ်ပဲလေ့စ်က နှစ်ပွဲကစား နှစ်ပွဲရှုံးဖြင့် ရမှတ်စုဆောင်းရရှိထားခြင်း မရှိသေးပေ။

လာမည့်ပွဲစဉ်တွင် မန်စီးတီးက ကိုဗင်ထရီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပြိုင်ဘက် ခရစ္စတယ်ပဲလေ့စ်က ဖူလ်ဟမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

■

❍ *ကျောဖုံးမှ*

မွန်းလွဲပိုင်း ပွဲစဉ်များတွင် YRG FC က JV FC ကို နှစ်ဂိုး-တစ်ဂိုး၊ Pacific Sun Far FC က ULAD FC ကို လေးဂိုး-နှစ်ဂိုး၊ ညနေ ၄ နာရီပွဲစဉ်တွင် MIU FC က YCDC Dream Team ကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပွဲစဉ် (၁၀) အပြီး အမှတ်ပေးဇယားရပ်တည်မှုတွင် Pacific Sun Far FC က ရမှတ် ၃၀ ဖြင့် အဆင့် (၁)၊ MIU FC က ၂၅ မှတ်ဖြင့် အဆင့် (၂)၊ YRG FC က ၂၅ မှတ်ဖြင့် အဆင့် (၃) (ဂိုးကွာခြားချက်)၊ YCDC Dream Team FC က ၂၂ မှတ်ဖြင့် အဆင့် (၄)၊ ULAD FC က ၁၈ မှတ်ဖြင့် အဆင့် (၅)၊ Gold Dream FC က ၁၈ မှတ်ဖြင့် အဆင့် (၆)၊ JV FC က ၁၆ မှတ်ဖြင့် အဆင့် (၇)၊ United City FC က ၉ မှတ်ဖြင့် အဆင့်(၈)၊ Royal NOKA FC က ၉ မှတ်ဖြင့် အဆင့် (၉)၊ Shwe Pyi Thar United FC က ၃ မှတ်ဖြင့် အဆင့် (၁၀)၊ Mingalardon FC က ၃ မှတ်ဖြင့် အဆင့်(၁၁)နှင့် အဆင့် (၁၂) တွင် Burmese Warriors FC က ရမှတ် မရရှိသေးဘဲ အစဉ်လိုက် ရပ်တည်လျက်ရှိသည်။

**နေမျိုး၊ ဓာတ်ပုံ-MFF**

# ပုသိမ်မြို့၌ ဥပဒေရေးရာဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

**ပုသိမ် ဩဂုတ် ၂၉**

ဥပဒေရေးရာဝန်ကြီးဌာန၏ (၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယမန်နေ့က ဧရာဝတီတိုင်းဒေသကြီးဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ ဥပဒေအရာရှိများ၊ ဝန်ထမ်းများ၊ တိုင်းဒေသကြီးအတွင်းရှိ တာဝန်ခံဥပဒေအရာရှိများ တက်ရောက်ပြီး ဥပဒေရေးရာဝန်ကြီးဌာန၏ တစ်နှစ်တာလှုပ်ရှားဆောင်ရွက်မှုများ ဗီဒီယိုကလစ်ကို ပြသကာ တိုင်းဒေသကြီးဥပဒေချုပ် ဦးခင်မောင်လွင်က နှုတ်ဆက်စကား ပြောကြားသည်။



ထို့နောက် ဥပဒေအရာရှိများနှင့် ဝန်ထမ်းများအား နှစ်ပတ်လည်နေ့ အထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေး အသိပညာပေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၉**

ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနရုံးမှ ဝန်ထမ်းများနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်အခွန်ဦးစီးဌာနရုံးများမှ ဝန်ထမ်းများအား အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးသက်ဆိုင်အောင်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်တင်ဝေက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာသည့် အခွန်ဝန်ထမ်းများ၏



မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ချောင်းဆုံမြို့နယ်၌ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်း ပြုလုပ်



**ချောင်းဆုံ ဩဂုတ် ၂၉**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ လူငယ်လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဩဂုတ် ၂၇ ရက်က ကညော်(အထက) ကျောင်း၌ လူငယ်စကားဝိုင်းကို ပြုလုပ်ရာ Grade -12 ကျောင်းသား မောင်ဟိန်းထက်ကျော်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးခေါင်းစဉ်ဖြင့် ကျောင်းသားကျောင်းသူ လေးဦးတို့က ကဏ္ဍအလိုက် ဆွေးနွေးပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ကိုကျော်(ချောင်းဆုံ)

# ရေစကြိုမြို့နယ်၌ မိုးရာသီအလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**ရေစကြို ဩဂုတ် ၂၉**

ရေစကြိုမြို့နယ်၌ မိုးရာသီအလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပေးအပ်ပွဲကို ယမန်နေ့က ရေစကြိုမြို့ အထက(၁)ကျောင်းဝင်းအတွင်းရှိ အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားကို အထက(၁)ကျောင်းမှ ကျောင်းသူများက Physical Fitness Exercise (PE-22) အကအလှများ၊ ဂိုးသွင်းကောင်းတဲ့ဒို့ကိုကို ဘောလုံးတေးသီချင်းအကအလှများဖြင့် ဖျော်ဖြေပြီး အားကစားပြိုင်ပွဲတွင် ပါဝင်ကူညီပေးသောအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ခြင်း၊ အကောင်းဆုံး အားကစားသမားများအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခြင်း၊ ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ စတုတ္ထဆု၊ နှစ်သိမ့်ဆုရရှိသော ဘောလုံးအသင်းများအား ဆုတံဆိပ်၊ ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ရဲမှူးဝင်းမောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဝေဇင်မို့(ရေစကြို)





# မိတ္ထီလာမြို့နယ်၌ ဒေသန္တရမွေးမြူရေးအတွက် ပံ့ပိုးငွေများ ပေးအပ်

**မိတ္ထီလာ ဩဂုတ် ၂၉**

မိတ္ထီလာမြို့နယ်၌ ညောင်မြင့်လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း၏ အသင်းသားများအား ဒေသန္တရမွေးမြူရေးအတွက် ပံ့ပိုးငွေများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ညောင်မြင့်ကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆန်းက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆန်းနှင့် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးတို့က ဒေသန္တရမွေးမြူရေးအတွက် ပံ့ပိုးငွေများ ပေးအပ်သည်။

အဆိုပါ ဒေသန္တရမွေးမြူရေးအတွက် မြို့နယ်သမဝါယမအသင်းစုမှ ပံ့ပိုးငွေကျပ် သိန်း ၄၅၀ နှင့် ညောင်မြင့်လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ ပံ့ပိုးငွေကျပ် သိန်း ၉၀ တို့ဖြင့် အသင်းသား ၃၀ အား ဒေသန္တရတစ်ကောင်လျှင် ငွေကျပ် ၁၈ သိန်းနှုန်းဖြင့် ဒေသန္တရအကောင် ၃၀ အတွက် ငွေကျပ် သိန်း ၅၄၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)



# လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ရေလှောင်တမံ ရေလှောင်ထားသိုမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**လှည်းကူး ဩဂုတ် ၂၉**

လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ရေလှောင်တမံ၌ ရေသိုလှောင်ထားရှိမှု အခြေအနေအား ဩဂုတ် ၂၇ ရက်က ဖောင်ကြီးကျေးရွာအနီးရှိ ငမိုးရိပ်တမံ၌ တာဝန်ရှိသူများက ငမိုးရိပ်တမံအတွင်း ရေဝင်ရောက်မှု အခြေအနေနှင့် တမံရေပိုလွှဲ၏ ကြံ့ခိုင်မှု၊ နှစ်အလိုက် မိုးရာသီတွင် ရေဝင်ရောက်မှု၊ ရေထားသိုမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထို့နောက် တာဝန်ရှိသူများက ငမိုးရိပ်ရေလှောင်တမံ၏ ရေသိုလှောင်ထားရှိမှု၊ ရေထိန်းမျှော်စင်နှင့် ရေပိုလွှဲ၏ အခြေအနေများကို စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

အိရွှေစင်လတ်(ပြန်/ဆက်)

# ဒိုက်ဦးမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်

**ဒိုက်ဦး ဩဂုတ် ၂၉**

ဒိုက်ဦးမြို့နယ်ရှိ စာသင်ကျောင်းများ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဆေးဖျန်းခြင်းကို ယနေ့နံနက်ပိုင်းက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဝေလင်း၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာနမှ အဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ စုပေါင်း၍ ဆေးဖျန်းခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒိုက်ဦးမြို့နယ် ဒရယ်မီးရပ်ကွက်၊ ရွာတန်းရှည် အခြေခံပညာမူလတန်းကျောင်း၊ ဒရယ်မီးရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း၊ အမှတ်(၆) မင်းတဲရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ ဗိုလ်တဲစု အခြေခံပညာမူလတန်းလွန်ကျောင်း၊ မြို့သစ်(က) အခြေခံပညာမူလတန်းလွန်ကျောင်း၊ ပြည်လုံးချမ်းသာဘုရားကြီးကျောင်းတိုက်၊ လက်ပံတန်းအခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အစရှိသည့်ကျောင်းများကို ကွင်းဆင်းကာ ဆေးဖျန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အမရပူရမြို့နယ်၌ စိုက်ပျိုးရေး သွင်းအားစုများ ပေးအပ်

**အမရပူရ ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးနှင့် မိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရန် ဓာတ်မြေဩဇာရောစပ်ကြဲပက်ပွဲနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲကို တမုတ်ဆိုးကျေးရွာ အုပ်ချုပ်ရေးမှူး၏ နေအိမ်၌ ဩဂုတ် ၂၇ရက်က ကျင်းပသည်။

ဦးစွာ တမုတ်ဆိုးကျေးရွာ ၅၇၀-ခ၊ ဦးပိုင်-၆၈ တောင်သူ ဦးအောင်မျိုးထွန်း မျိုးစပါးစိုက်ခင်း၌ ဓာတ်မြေဩဇာ ရောစပ်ကြဲပက်ပွဲ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်/မြို့နယ် စိုက်ကြပ်အဖွဲ့များနှင့် တောင်သူများက တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။ ထို့နောက် မိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးလှိုင်က တောင်သူများအား နည်းပညာများဖြန့်ဝေ၍ သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

လဲ့လဲ့ခိုင်



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် စဉ်ဆက်မပြတ် လိုက်နာဆောင်ရွက်

**ပုသိမ် ဩဂုတ် ၂၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး စဉ်ဆက်မပြတ် လိုက်နာဆောင်ရွက်ရန်နှင့်



တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ညွှန်ကြားချက်များအပေါ် အလေးထားလိုက်နာဆောင်ရွက်ရန် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမင်းဦးက ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့နှင့် ဩဂုတ် ၂၇ ရက်က တွေ့ဆုံဆွေးနွေးရာတွင် ပြောကြားသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး(၁)၊ တွဲဖက်အတွင်းရေးမှူး (၂) နှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဝေါမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်

**ဝေါ ဩဂုတ် ၂၉**



ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဥပဒေရုံးက ကြီးကြပ်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း (၁/၂၀၂၆) ကို ဩဂုတ် ၂၇ ရက်က အေးချမ်းသာယာရပ်ကွက် ဓမ္မာရုံနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ အလင်းရောင်ရပ်ကွက်ဓမ္မာရုံတို့၌ ကျင်းပရာ မြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်မြင့်မြင့်လှိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်ကြားပေးမည့် ဥပဒေ၊ နည်းဥပဒေများ အကြောင်းကို ပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဝေါမြို့မစခန်းမှူး ဒုရဲမှူးသစ်လွင်က ဥပဒေ၊ နည်းဥပဒေများ အကြောင်းကို အသိပညာပေး ပြောကြားသည်။

ထို့နောက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း တက်ရောက်ခဲ့သည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မြို့ပေါ်ခြောက်ရပ်ကွက်မှ သင်တန်းသားသင်တန်းသူများအား ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ဆွေးနွေးပို့ချပြီး သင်တန်းသားများက သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်ဥပဒေအရာရှိက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **အာကာ(ပြန်/ဆက်)**

## တန်ဖိုးမြှင့်ထုတ်ကုန် ပေါ်ဆန်းစပါးမျိုး စိုက်ပျိုးရေးနှင့် ဆီထွက်ပဲပုပ်စိုက်ပျိုးရေး အသိပညာပေး

**ရေတာရှည် ဩဂုတ် ၂၉**

ရေတာရှည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဝါးရုံတော၊ ငွေတောင်၊ မြို့လုဘဏ်ချေးငွေထုတ် တောင်သူများအား တန်ဖိုးမြှင့်ထုတ်ကုန် ပေါ်ဆန်းစပါးမျိုးစိုက်ပျိုးရန်၊ ဆီထွက်ပဲပုပ်စိုက်ပျိုးရန်နှင့် မိုးစပါးတွင် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာအချိန်ကိုက် အချိုးကျထည့်သွင်းနည်း အသိပညာပေးခြင်းကို ဩဂုတ် ၂၇ ရက်က မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ပြုလုပ်သည်။

အဆိုပါဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးမှူးက တောင်သူများအား တန်ဖိုးမြှင့်ထုတ်ကုန် ပေါ်ဆန်းစပါးမျိုးစိုက်ပျိုးရန်၊ ဆီထွက်ပဲပုပ် စိုက်ပျိုးရန်နှင့် မိုးစပါးတွင်ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိန်ကိုက် အချိုးကျ ထည့်သွင်းနည်းစိုက်ပျိုးခြင်းကို အသိပညာပေး ဆွေးနွေးသည်။ ထို့နောက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမြတ်လင်းက အယ်လ်နီညိုရှိသဖြင့် သီးနှံများဂရုစိုက်ပြီး ရေများ ပိတ်လှောင်ထားရန် ဆွေးနွေးပြောကြားသည်။ **မြို့နယ်(ပြန်/ဆက်)**



## မြောက်ဥက္ကလာပမြို့နယ်၌ ခေတ်လိုက်ရောင်းဝယ်ရေး သမဝါယမအသင်း အမှုဆောင်သစ်ရွေးချယ်

**ရန်ကုန် ဩဂုတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ခေတ်လိုက်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်နေ့ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ဩဂုတ် ၂၇ ရက်က မြို့နယ်သမဝါယမရုံးခန်းမ၌ ကျင်းပရာ အသင်းများအနေဖြင့် သမဝါယမအသင်းဥပဒေအရ အမှုဆောင် ရွေးချယ်တင်မြှောက်ရာတွင် လိုက်နာရမည့်စည်းကမ်းများ၊ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို မြို့နယ်သမဝါယမဦးစီးမှူးက ရှင်းလင်းပြောကြားပြီး အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေး ရှင်းတမ်းများ ဖတ်ကြားခြင်း၊ အသင်းသားများ အတည်ပြုချက်ရယူခြင်းနှင့် အမှုဆောင် ရွေးချယ်ခဲ့ကြသည်။



**သက်လွင်စိုး(ပြန်/ဆက်)**

## မန္တလေးမှ ကျောက်မြောင်းကြား ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးဧရိယာအတွင်း လင်းပိုင်ကောင်ရေ ၂၁ ကောင်ခန့် တွေ့ရှိ

**မန္တလေး ဩဂုတ် ၂၉**

မန္တလေးမှ ကျောက်မြောင်းကြား ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဧရိယာအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ရေပြင်၌ နေထိုင်ကျက်စားနေသော ဧရာဝတီလင်းပိုင်ကောင်ရေ၂၁ ကောင်ခန့် တွေ့ရှိခဲ့ကြောင်း မတ္တရာမြို့နယ် ဆင်ကျွန်းကျေးရွာမှ ဒေသခံ ရေလုပ်သားတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"ဒီဧရာဝတီလင်းပိုင်တွေဟာ တစ်ကမ္ဘာလုံးမှာဆိုရင်တော့ ရှားပါးမျိုးစိတ်ထဲပါဝင်တဲ့ လင်းပိုင်အမျိုးအစားဖြစ်ပါတယ်။ တွေ့ခဲ့တာကတော့ အခုဩဂုတ်လ ၂၀ ရက်က ခုနစ်ကောင်တွေ့ပြီး ၂၁ ရက်၊ ၂၂ ရက်မှာ ခုနစ်ကောင်စီ တွေ့တယ်။ ဩဂုတ် ၂၃ ရက်မှာတော့ အကောင်ရေများတယ်၊ ၂၁ ကောင်လောက် တွေ့ခဲ့တာပါ။ အသေအပျောက်အနေနဲ့ ၂၀၂၄ ခုနှစ်ဇူလိုင်လအတွင်းမှာ ဖောက်ထွင်းဒဏ်ရာနဲ့ သေဆုံးခဲ့တဲ့ ဧရာဝတီလင်းပိုင် အလတ်တစ်ကောင် တွေ့ရှိခဲ့ဖူးပါတယ်"ဟု ဆင်ကျွန်းကျေးရွာမှ ဒေသခံရေလုပ်သား ဦးမောင်လေးက ပြောသည်။

၁၉ ရာစုတွင် သဘာဝဗေဒပညာရှင်တစ်ဦးဖြစ်သူ ဂျွန်အန်ဒါဆင်သည် ဧရာဝတီမြစ်တစ်လျှောက် လင်းပိုင်အုပ်စုများကို လေ့လာတွေ့ရှိခဲ့ပြီး "မြန်မာ့ဧရာဝတီမှ စီတာရှန်မျိုးစိတ် အသစ်တွေ့ရှိမှု" စာတမ်းကို အင်္ဂလန်သတ္တဗေဒအသင်းကြီးထံ တင်သွင်းပြီး "ဧရာဝတီလင်းပိုင်" အမည်စတင်မှည့်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း မှတ်တမ်းများအရ လေ့လာသိရှိရသည်။ **ပိန်းဇလုပ်-သိန်းညွန့်**





## မုံရွာခရိုင် ကလပ်ပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပ

**မုံရွာ ဩဂုတ် ၂၉**

မုံရွာမြို့၌ ကလပ်အသင်းပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲဖွင့်ပွဲကို ဩဂုတ် ၂၇ ရက်က တိုင်းဒေသကြီး ပြည်သူ့အားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပရာ အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက်ရွတ်ဆိုခဲ့ကြပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ကူညီထောက်ပံ့ပေးသူအား ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း၊ ဆိုင်းဘုတ်ကိုင်၊ အလံကိုင်အဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အဖွင့်ပွဲစဉ်ဖြစ်သည့် Gerenation Brother အသင်းနှင့် Sunday League အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ Sunday League အသင်းက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၂ သင်းမှ ဩဂုတ် ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## သာစည်မြို့နယ်၌ ပြောင်းချိုမျိုး စမ်းသပ်ကွက် ကွင်းသရုပ်ပြ

**သာစည် ဩဂုတ် ၂၉**

သာစည်မြို့နယ်၌ ပြောင်းချိုမျိုးစမ်းသပ်ကွက် ကွင်းသရုပ်ပြပွဲနှင့် အဆိုပြုမရိတ်သိမ်းမီ စောင့်ဆိုင်းရမည့်ကာလ မှန်/မမှန် စစ်ဆေးနိုင်ရန်အတွက် သတ်မှတ်ချိန်၌ စမ်းသပ်ကွက်မှ သီးနှံနမူနာကောက်ယူခြင်းကို ဩဂုတ် ၂၇ ရက်က လှိုင်းတက်ကျေးရွာအုပ်စုရှိ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံဖွံ့ဖြိုးရေးဌာန၌ ပြုလုပ်သည်။

ဦးစွာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးဝေက အမှာစကားပြောကြားပြီး သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်အေးပွင့်ခိုင်က ပေါင်းသတ်ဆေးစနစ်တကျသုံးစွဲရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်မျိုးစေ့တာဝန်ခံက သီးနှံမျိုးများအကြောင်းဆွေးနွေးပြီး တောင်သူများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။ ထို့နောက် ပြောင်းချိုမျိုး စမ်းသပ်ကွက်ကွင်းသရုပ်ပြပွဲကို ပြုလုပ်ပြီး သီးနှံနမူနာ ရယူခဲ့ကြောင်း သိရသည်။ **ထွန်းထွန်း(သာစည်)**



## မြစ်သားမြို့နယ်၌ ဓာတ်မြေဩဇာ စုပေါင်းဖြန့်ဖြူးရောင်းချ

**မြစ်သား ဩဂုတ် ၂၉**

မြစ်သားမြို့နယ်၌ ယမန်နေ့နံနက်က မိုးစပါး၊ မိုးသီးနှံ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာ စုပေါင်းဖြန့်ဖြူးရောင်းချပွဲကို စိုက်ပျိုးရေးဦးစီးဌာနပိုင်ဂိုဒေါင်၌ ပြုလုပ်သည်။

ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးစံအောင်နှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၇ အုပ်စုမှ တောင်သူ ၂၆၃ ဦးထံ ယူရီးယားဓာတ်မြေဩဇာ အိတ် ၁၀၀၀ နှင့် ကွန်ပေါင်းဓာတ်မြေဩဇာ အိတ် ၁၀၀၀ စုစုပေါင်း အိတ် ၂၀၀၀ တို့ကို သီးနှံပေါ်ပေးစနစ်ဖြင့် တိုက်ရိုက်ဖြန့်ဖြူး ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

## မိခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ အထက၊ စက်ဆန်း Grade-12 မှ မဇာခြည်ဝင်း၏ မိခင်အမည်မှန်မှာ ဒေါ်ခင်ခင်ပြုံး ၁၄/ဘကလ(နိုင်)၃၈၆၄၆၀ ဖြစ်ပါကြောင်း။

**ဒေါ်ခင်ခင်ပြုံး**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အလက (၁၃) ကျောင်း Grade-9 မှ မပန်းသဇင်မိုးထက်သာ၏ ဖခင်အမည်မှန်မှာ ဦးလင်းလင်းထိုက် ၁၀/မဒန(နိုင်) ၁၆၅၈၈၉ ဖြစ်ပါကြောင်း။

**ဦးလင်းလင်းထိုက်**

## ဖခင်အမည်မှန်

နေပြည်တော် တပ်ကုန်းမြို့ အထက-၂ (G-6) အတန်းမှ မစုပုံချစ် ၏ ဖခင်အမည်မှန်မှာ ဦးဘိုရွှေ ဖြစ်ပါကြောင်း။

**ဦးဘိုရွှေ**

## အမည်ပြောင်း

နေပြည်တော် တပ်ကုန်းမြို့ အထက-၂ (G-7)အတန်းမှ မမြတ်နိုးခင် အား မအိဒါအောင် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မအိဒါအောင်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ အိမ်အမှတ်(၅၄၆) ဟုခေါ်တွင်သော (၄၅ပေ x ပေ ၆၀)ရှိ (ဦးသက်ထွန်းအမည်ပေါက်နှစ်(၆၀)မြေငှားဂရန်)အိမ်ခြံမြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိထားပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သဲစုလှိုင်(၁၂/ဥကမ(နိုင်)၂၂၅၂၂၅)မှ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်တော် ဦးအေးမောင်မောင်မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးအေးမောင်မောင်(၁၂/ဥကမ(နိုင်)၁၉၄၈၉၈)**
**အမှတ်(၈၄)၊ ငွေကြာယံ(၆)လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## (၂၇-၆-၂၀၂၆) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာရှိ အထက်တန်းရှေ့နေဦးသန့်စင်၏ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကန့်ကွက်ခြင်း

မရမ်းကုန်းမြို့နယ်၊ သုခပြည့်စုံကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်-၅၁(အေ)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းဖြူဖြူ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကန့်ကွက်အပ်ပါသည်-

၁။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူနှင့် ကွယ်လွန်သူဦးမောင်မောင်လွင်တို့သည် (၂၆-၁၂-၁၉၇၁) ရက်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြသည်မှာ ဦးမောင်မောင်လွင်ကွယ်လွန်သည့် (၂-၇-၂၀၂၄) ရက်အထိဖြစ်ပြီး၊ ဦးမောင်မောင်လွင်၏နာရေးကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဦးမောင်မောင်လွင်၏တစ်ဦးတည်းသောဇနီးအနေဖြင့် (၆-၇-၂၀၂၄) ရက်စွဲပါ သတင်းစာများတွင် ဦးမောင်မောင်လွင်၏နာရေးကြော်ငြာစာများကို တရားဝင်ထည့်သွင်းကြော်ငြာခဲ့ရာ၊ မည်သူတစ်ဦးတစ်ယောက်ကမျှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ကွယ်လွန်သူ ဦးမောင်မောင်လွင်၏တစ်ဦးတည်းသောဇနီးဖြစ်သည်မှာ မှန်ကန်ခြင်းမရှိကြောင်း ကန့်ကွက်မှုလုံးဝမရှိခဲ့ဟု သိရှိရပါသည်။

၂။ ထို့နောက် ဦးမောင်မောင်လွင်၏တစ်ဦးတည်းတရားဝင်ဇနီးဖြစ်သည့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဦးမောင်မောင်လွင်ကျန်ရစ်ခဲ့သော ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့်ပတ်သက်၍ အမွေဆက်ခံခွင့်လက်မှတ်နှင့် အမွေထိန်းစာတို့ကိုထုတ်ပေးရန် မရမ်းကုန်းခရိုင် တရားရုံး၌ လျှောက်ထားခဲ့ရာ၊ ဒေါ်ခင်သီတာအေးက ဦးမောင်မောင်လွင် မကွယ်လွန်မီ(၁၉) နှစ်ကတည်းက ပေါင်းသင်းခဲ့သည့် ဦးမောင်မောင်လွင်၏ ဇနီးဖြစ်သည်ဟုဆိုကာ လာရောက်ကန့်ကွက်ခဲ့သဖြင့် ယနေ့တိုင် အဆိုပါအမှုများကို ရင်ဆိုင်ရလျက်ရှိပါသည်။

၃။ ထို့အပြင် ဒေါ်ခင်သီတာအေးက ၎င်းသည်ကွယ်လွန်သူ ဦးမောင်မောင်လွင်၏ ဒုတိယဇနီးဖြစ်၍ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှာ ကွယ်လွန်သူဦးမောင်မောင်လွင်နှင့် တရားဝင်ကွာရှင်းပြတ်စဲထားခြင်းမရှိသဖြင့် ပထမဇနီးအဖြစ် တရားဝင်တည်မြဲလျက်ရှိကြောင်းဖြင့် ဦးမောင်မောင်လွင်ကျန်ရစ်ခဲ့သော ကလောမြို့နယ်ရှိ Hill Top Villa Resort Hotel (Kalaw) နှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအပါအဝင် ဦးမောင်မောင်လွင်ကျန်ရစ်ခဲ့သော အမွေဆိုင်ပစ္စည်းများကို ထက်ဝက်ရထိုက်သူဖြစ်သောကြောင့် အမွေဆိုင်ပစ္စည်းများအနက် (၂)ပုံ (၁)ပုံ ရထိုက်ကြောင်း ပစ္စည်းခွဲဝေပေးရန် မရမ်းကုန်းခရိုင်တရားရုံး၌ တရားမကြီးမှုအမှတ် - ၂၇၇/၂၀၂၄ စွဲဆိုခဲ့ရာ၊ အဆိုပါခရိုင်တရားရုံး၏ (၆-၁၁- ၂၀၂၅) ရက်စွဲဖြင့်ချမှတ်ခဲ့သည့် စီရင်ချက်နှင့်ဒီကရီအရ ဒေါ်ခင်သီတာအေးစွဲဆိုခဲ့သည့်အဆိုပါအမှုကို စရိတ်နှင့်တကွ ပလပ်ခဲ့သည့်အတွက် ဒေါ်ခင်သီတာအေးက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ အယူခံမှုတက်ရောက်ထားဆဲဖြစ်ကြောင်း သိရှိရပါသည်။

၄။ ထို့ကြောင့်ဒေါ်ခင်သီတာအေးသည် ကွယ်လွန်သူဦးမောင်မောင်လွင်နှင့် မြန်မာ့ဓလေ့ထုံးတမ်းအရတရားဝင် အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့သည့် တရားဝင်ဇနီးဖြစ်ကြောင်း ခိုင်မာသည့်တရားဝင်လက်ထပ်ထိမ်းမြားခြင်း စာချုပ်အပါအဝင် လင်မယားဖြစ်ကြောင်း သတင်းစာ၌ကြေညာခဲ့သည့် ကြေညာချက်စသည်တို့ကို ခိုင်မာစွာတင်ပြနိုင် ခြင်းလည်းမရှိ၊ ဒေါ်ခင်သီတာအေးသည် ကွယ်လွန်သူ ဦးမောင်မောင်လွင်နှင့် အိမ်တစ်ဆောင်မီးတစ်ပြောင်ဖြင့် လူသိနတ်ကြား လင်မယားအဖြစ် ပေါင်းသင်းဆက်ဆံမှုရှိခဲ့ကြောင်းလည်း ခိုင်မာစွာတင်ပြနိုင်ခြင်း လုံးဝမရှိခဲ့သည်မှာ ယနေ့တိုင်ဖြစ်ကြောင်းသိရှိရပါသည်။

၅။ သို့ဖြစ်ပါ၍ ဒေါ်ခင်သီတာအေး၏အထက်တန်းရှေ့နေ ဦးသန့်စင် ကြေညာခဲ့သော ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်ပါ ကလောမြို့ရှိ Hill Top Villa Hotel (Kalaw) ၏လုပ်ငန်းလိုင်စင်နှင့်ပတ်သက်၍ ကွယ်လွန်သူ ဦးမောင်မောင်လွင် အမည်မှ ဇနီးဖြစ်သူ ဒေါ်ခင်သီတာအေး အမည်ဖြင့် အမည်ပြောင်းလဲဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာချက်သည် လုံးဝမှန်ကန်ခြင်းမရှိပါကြောင်း ပြန်လည်ရှင်းလင်းကန့်ကွက်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ -** **ဒေါ်စန်းဖြူဖြူ**

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးစိုးပိုင်** | **ဒေါ်တင်တင်ညို** |
| **LL.B., D.B.L., D.M.L** | **LL.B., D.B.L., D.I.L** |
| **(စဉ်-၅၆၈၈/၁၉၉၁)** | **(စဉ်-၈၃၈၉/၂၀၁၂)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၁၀/၁၂(ပထမထပ်)၊ အခန်းအမှတ် - ၁၀၄(အီး)၊ ၃၅-လမ်းတို(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉ - ၅၁၅၉၆၃၉၊ ၀၉ - ၉၈၅၉၂၇၉၉၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅)
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၁၅၀

| | | |
|---|---|---|
| ဒေါ်ဌေးသန္တာအောင် | နှင့် | ဒေါ်ခင်အေး |
| (တရားလို) | | (တရားပြိုင်) |

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက် ၊ ဇီဇဝါ(၃)လမ်း၊ အမှတ်(၈၃၀/ခ) နေ တရားပြိုင် ဒေါ်ခင်အေး (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဌေးသန္တာအောင်က " အိမ်နှင့်မြေ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆို ပေးစေလိုမှု"နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်။ (၁၃၈၈ခုနှစ် ၊ ဝါခေါင်လဆုတ် ၁၀ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်က ထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ် လ ၂၄ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**( မိုးကြည်မောင်)**
**တွဲဖက်ခရိုင်တရားသူကြီး( ၃ )**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ညောင်လေးပင်မြို့နယ်၊ ပွဲနိတန်ဆာမြို့၊ မြို့မ(၂)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်- ရပ်(၈)၊ ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ် (၈၅^က)၊ မြေကွက်အမှတ်(၁၉၈A)၊ ဧရိယာ(၀.၀၂၇၀)ဧကအား ပွဲနိတန်ဆာမြို့၊ မြို့မ(၂)ရပ်ကွက်နေ ဒေါ်မေသန်းဌေး (ဘ) ဦးအောင်မောင်းမှ မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး)လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက (၅-၉-၂၀၂၆)ရက်မတိုင်မီဆိုင်ရာအထောက်အထားများဖြင့် ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုပေးမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**ညောင်လေးပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ညောင်လေးပင်မြို့နယ်၊ ပွဲနိတန်ဆာမြို့၊ မြို့မ(၄)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်- ရပ်(၇)၊ ကျွန်းကလေးပိုင်း၊ ဦးပိုင်အမှတ် (၄၆/၂)၊ မြေကွက်အမှတ်(၁၁၉^ခ)၊ ဧရိယာ(၀.၀၈၀၃)ဧကအား ညောင်လေးပင်မြို့၊ မြို့မ(၄)ရပ်ကွက်၊ ရန်ကုန်-မန္တလေးကားလမ်းနေ ဒေါ်ဝင်းပပ ပါ (၃) ဦး (ဘ) ဦးဝင်းမြင့်မှ မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက (၅-၉-၂၀၂၆)ရက်မတိုင်မီဆိုင်ရာအထောက်အထားများဖြင့် ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုပေးမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**ညောင်လေးပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၁၂)၊ ဦးပိုင်အမှတ်(၈၇)၊၄၇X ၄၈ကြား၊ ၁၀၅X ၁၀၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လှမေ ၁/မကန(နိုင်)၀၁၅၁၅၁က အမှုတွဲအမှတ် (၂၀၄၅/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် (စစ-၁၂)၊ ဦးပိုင်အမှတ် (၈၆)၊ ၄၇x၄၈ ကြား၊ ၁၀၅x၁၀၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လှမေ ၁/မကန(နိုင်) ၀၁၅၁၅၁ က အမှုတွဲအမှတ် (၂၀၄၄/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၁၂)၊ ဦးပိုင်အမှတ်(၇၀)၊၄၇X ၄၈ကြား၊ ၁၀၅X ၁၀၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လှမေ ၁/မကန(နိုင်)၀၁၅၁၅၁က အမှုတွဲအမှတ် (၂၀၄၃/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်အမှန်

ဘားအံမြို့နယ်၊ အထက(၁) ကျောင်း Grade-12 မှ ကျောင်းဝင်အမှတ်(၀၁၇၀၅) နန်းခိုင်ရွှေစင်ဦး ၃/ ဘအန(နိုင်)၅၀၂၄၆၃ ၏ မွေးသက္ကရာဇ်မှာ ၂၅-၉-၂၀၀၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ ဇေယျာဝတီမြို့၊ အထက(၂)ကျောင်း၊ G-12 မှမောင်စာဂရ်နှင့် G-11 မှ မောင်စူရာဂ် တို့၏ ဖခင်အမည်မှန်မှာ ပရင်းမ်ကျန်း၊ ၇/ဖမန(နိုင်) ၁၂၈၄၂၂ ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/3653 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## စက်ရုံနှင့် မြေကွက်ငှားရန်ရှိသည်

1. မှော်ဘီမြို့နယ်၊ လိပ္ပတ်ကျေးရွာ၊အမှတ်(၄)လမ်းမပေါ်၊ (170,000 sq-ft) အကျယ်ရှိသော စက်ရုံ(၁)လုံး
2. ပဲခူးစက်မှုဇုန်အတွင်းရှိ (145,000 sq-ft) အကျယ်ရှိသော စက်ရုံ(၁)လုံး
3. ပဲခူးစက်မှုဇုန်အတွင်းရှိ (80,000 sq-ft) အကျယ်ရှိသော စက်ရုံ(၁)လုံးနှင့်
4. ညောင်နှစ်ပင်ဇုန်အနီးလန(၃၀)ကျပြီး မြေအကျယ်(၁၈)ဧကရှိသော မြေကွက် (ကားစက်ရုံဆောက်ရန် သင့်လျော်သည့်နေရာ)

**ဆက်သွယ်ရန် -**
**Phone -09-443202219/09-785504623**
**Viber only -09-5504623**

## မြေကွက်နှင့် အဆောက်အအုံများ ရောင်းရန်ရှိသည်

1. ကုန်သည်လမ်းမပေါ်၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ 13,000 Sq-ft အကျယ်၊ အခန်း(101)ခန်းရှိသော ဟိုတယ်(1)လုံး
2. ရန်ကင်း၊ ဆည်မြောင်းလမ်း၊(105ပေxပေ 150)15,750 Sq-ft အကျယ်ရှိသော မြေကွက်
3. 9 မိုင်၊ ယိုးဒယားလမ်း၊ (20,000 Sq-ft) နှင့် (15,000 Sq-ft) အကျယ်ရှိသော မြေကွက်များ
4. အင်းစိန်ဘူတာရုံလမ်း၊ 38,000 Sq-ft အကျယ်ရှိသော မြေကွက်
5. အင်းစိန်မြို့နယ်၊ လေဆိပ်ရိပ်သာလမ်းသွယ်(၁)၊ (ပေ 120 x ပေ 120) အကျယ်ရှိသော မြေကွက်
6. ရွှေပြည်သာမြို့နယ်၊ အမှတ်(၄)လမ်းမပေါ်၊ (ပေ 190 xပေ 100)နှင့်(25ပေx ပေ 100) အကျယ်ရှိသော မြေကွက်များ
7. လှိုင်သာယာ၊ ရွှေလင်ဗန်းစက်မှုဇုန်၊ မြေအကျယ်(2.033ဧက)၊ အဆောက်အအုံအကျယ်(40,000 Sq-ft) အကျယ်ရှိသော မြေကွက်နှင့် အဆောက်အအုံ
8. ပဲခူးမြို့၊ ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်၊ 0.9 ဧကအကျယ်ရှိသောမြေကွက်
9. ရန်ကုန်-ပဲခူးလမ်းအနီး၊ သာယာကုန်းကျေးရွာ၊ မြေအကျယ် (15ဧက) အကျယ်ရှိသောမြေကွက်
10. ပဲခူးစက်မှုဇုန်အတွင်းရှိ စက်ရုံအကျယ်(145,000 sq-ft) ၊မြေဧက(10ဧက) အကျယ်ရှိသော စက်ရုံ(၁)လုံး
11. ပဲခူးစက်မှုဇုန်အတွင်းရှိ စက်ရုံအကျယ်(80,000 sq-ft) ၊မြေဧက(10ဧက) အကျယ်ရှိသော စက်ရုံ(၁)လုံး

**ဆက်သွယ်ရန် -**
**Phone-09-443202219/09-785504623**
**Viber only -09-5504623**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၃၈) တဖက္ကာကွင်း၊ မြေကွက်အမှတ်(၃၁၂)၊ မြေဧရိယာ (၀ ဒသမ ၀၅၅) ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၁၅/ ၂၀၀၃-၂၀၀၄ အရ ဒေါ်ရင်ရင်မာ အမည်ဖြင့်ရရှိခဲ့ပြီး ဒေါ်ရင်ရင်မာ (ကိုယ်စား) မြိတ်မြို့နယ် တရားရုံးဘီလစ်စာရေး ဦးဝင်းအောင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၀၆၈/၂၀၂၆) ဖြင့် ဦးအောင်ကျော်မိုးမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး (၅-၁၂-၂၀၁၀) ရက်တွင် မြေငှားဂရန် သက်တမ်းကုန်ဆုံးခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အသစ်) လျှောက်ထားနိုင်ရေး ဦးအောင်ကျော်မိုး ၆/မအရ(နိုင်)၀၉၄၄၉၄ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ် စံချိန်မီအဆင့်(၂)၊ မြေကွက်အမှတ်(၂၂၃၅)၊ အကျယ်အဝန်းပေ (၄၀x၆၀)၊ ဒေါ်လှလှမြင့် (၁၂/မဂတ(နိုင်)၀၅၅၉၃၂) အမည်ပေါက် ပါမစ်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးမြင့်အောင် (၁၂/ကမရ(နိုင်)၀၂၆၅၀၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်စန္ဒာအောင်သည် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား၊ စာချုပ်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိသိမ့်(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၀၆၃၇)**
**အမှတ်(၁၆၁)၊ အင်းဝလမ်း၊ ၅၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၂၅၂၇၁၇၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် (စစ-၁၂)၊ ဦးပိုင်အမှတ် (၆၉)၊ ၄၇x၄၈ ကြား၊ ၁၀၅x၁၀၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လှမေ ၁/မကန(နိုင်) ၀၁၅၁၅၁က အမှုတွဲအမှတ် (၂၀၄၂/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/2462 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/47792, Honda Scoopy-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေခိုင်စိုး ၉/ခအဇ(နိုင်)၀၄၄၈၇၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/75034, New Zhineng-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမှတ်ဆန်းအောင် ၉/မရတ(နိုင်)၀၀၀၅၄၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/58739, Honda Click-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီရိရတနာစု ၉/အမဇ(နိုင်)၀၅၄၈၇၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (၈၈-၃)၊ ဦးပိုင်အမှတ် (၉) ခဲစင်း၊ ၅၇x၅၈ ကြား၊ ၁၀၄x၁၀၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မာ ၉/မရမ(နိုင်)၀၂၃၀၄၆)က အမှုတွဲအမှတ် (၂၀၃၀/၂၀၂၆-၂၀၂၇) ဖြင့် ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ရေပုန်းရပ်ကွက်၊ အကွက်အမှတ်(၃၄)စုံခေါင်းမြောက်ကွင်း၊ မြေကွက်အမှတ်(၁၀၃)၊ မြေဧရိယာ (၀ ဒသမ ၁၁၀)ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၁၇၀/၂၀၂၄- ၂၀၂၅ အရလည်းကောင်း၊ မြေကွက်အမှတ်(၁၀၄)၊ မြေဧရိယာ (၀ ဒသမ ၁၁၀) ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၁၇၁/၂၀၂၄-၂၀၂၅ အရလည်းကောင်း ဦးအောင်စိုး အမည်ဖြင့် ရရှိခဲ့ပြီး (၄-၉-၂၀၂၆) ရက်တွင် မြေငှားဂရန်သက်တမ်းကုန်ဆုံးခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဦးအောင်စိုး၊ ၆/မအရ(နိုင်)၀၃၉၃၈၀ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ဆိပ်ငယ်ရပ်ကွက်၊ အကွက်အမှတ်-၁၄.ခတ/ဆိပ်ငယ်ကွင်း၊ မြေကွက်အမှတ်(၃၉)၊ မြေဧရိယာ (၀ ဒသမ ၀၃၄) ဧကအား မြေငှားဂရန်အမှုတွဲအမှတ်၊ ၃၁၀/၂၀၀၂-၂၀၀၃ အရ ဦးသိန်းလွင်၊ ဦးစိုးမြင့်လွင် အမည်ဖြင့် ရရှိခဲ့ပြီး (၇-၁၀-၂၀၂၆) ရက်တွင် မြေငှားဂရန် သက်တမ်းကုန်ဆုံးခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးသိန်းလွင် ၆/မအရ(နိုင်)၀၀၀၀၄၂၊ ဦးစိုးမြင့်လွင် ၆/မအရ(နိုင်)၀၈၅၃၈၇ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်၊ ၉-ဏ/အောင်ဇေယျာ၊ ဦးပိုင်အမှတ်-၆၊ မြေကွက်အမှတ် ၇၊ မြေဧရိယာ (၀.၁၂၇) ဧကရှိ မြေကွက်သည် ဦးကျော်ဝင်း အမည်ဖြင့် ၁၄-၁၁-၂၀၃၂ ရက်အထိ နှစ်(၃၀) မြေငှားဂရန်ရရှိထားပါသည်။ ဦးကျော်ဝင်းနှင့် ဒေါ်ကျင်သောင်း တို့သည် တရားဝင်ဇနီးခင်ပွန်းများဖြစ်ကြပြီး အသီးသီးကွယ်လွန်သွားပြီဖြစ်ပါသည်။ ၎င်းတို့၏ အမွေဆက်ခံခွင့်ရှိသူ ဒေါ်ထားထားဦးကကျမ်းသစ္စာကျိန်ဆို၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မွက်ဟကြေညာစာချုပ်ချုပ်ဆိုပြီး မြေငှားဂရန်အမည်ပြောင်းလျှောက်ထားလာပါသည်။ အဆိုပါလျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာခရိုင်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း (၁၁) ရပ်ကွက်၊ ဗိုလ်မိုး (၂)လမ်း၊ မြေကွက်အမှတ် (၈၅၂)၊ ဧရိယာပေ (၄၀x၆၀)ရှိ ဒေါ်အေးမြင့် အမည်ပေါက်ပါမစ်မြေအတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော ယင်းမြေ၏ (ခြေရင်းခြမ်း)၊ မြေကွက်အမှတ် (၈၅၁)နှင့် ကပ်လျက်အခြမ်းမြေပေ (၁၀ပေx ပေ၆၀)ရှိ ပါမစ်မိတ္တူမြေနှင့် ယင်းမြေပေါ်ရှိ S.S တစ်ထပ်တိုက်အိမ်၊ ရေမော်တာလျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ယဉ်ယဉ်ဌေး (၁၂/တမန(နိုင်)၁၀၀၇၃၉) ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းမာ (၉/တသန(နိုင်)၁၁၆၉၇၃)က စရန်ငွေပေးထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ၎င်းကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်မာသောအထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်ထွန်း ဖုန်း-၀၉-၇၈၅၁၄၉၄၅၆**

## ဖခင်အမည်မှန်

ဆီဆိုင်မြို့၊ အမက (၃)မှ မူလတန်းပြဆရာမ ဒေါ်ရီရီလွင် ၁၃/တကန(နိုင်) ၁၀၀၅၆၄ ၏ ဖခင်အမည်မှန်မှာ ဦးစိန်ဗိုလ် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ အလက(ဘုံလုံ) Grade-8 မှ မောင်ကောင်းခန့်သူ၏ ဖခင်အမည်မှန်မှာ ဦးကျော်မျိုးဟန် ၇/ကဝန(နိုင်) ၁၀၁၉၅၂ ဖြစ်ပါကြောင်း။

**ဦးကျော်မျိုးဟန်**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ အလက(ဘုံလုံ) Grade-9 မှ မအေးနန္ဒာဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်သိန်းချေ ၁၁/ပဏတ(နိုင်) ၁၀၅၉၈၉ ဖြစ်ပါကြောင်း။

**ဦးအောင်သိန်းချေ**

## ပတ်စ်ပို့စာအုပ် ပျောက်ဆုံးကြောင်း

ကျွန်တော် ကောင်းမြတ် ၁၄/ညတန(နိုင်)၁၇၆၂၅၆၏ နိုင်ငံကူးလက်မှတ်စာအုပ်နံပါတ် MG ၈၉၆၄၄၁ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၉၅၁၈၂၈၇၊ ၀၉-၆၈၅၀၅၄၂၇၀**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် (82W/1588) ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**က.ည.န ၊ ခရိုင်ရုံး၊ ဟသ်ာတမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(၈၈-၃)၊ ဦးပိုင်အမှတ် (၉)ခဲစင်း၊ ၅၇X ၅၈ကြား၊ ၁၀၄X ၁၀၅လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်မာ ၉/မရမ(နိုင်)၀၂၃၀၄၆ကအမှုတွဲ အမှတ် (၂၀၂၉/၂၀၂၆-၂၀၂၇)ဖြင့် ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "အများသိစေရန်ကြေညာချက်"

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ပိုးအိလင်း ( ၅/ကလထ(နိုင်)၂၁၄၉၀၇)သည် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသည့် FORTUNE ALLIANCE Co,Ltd၏ FOUNDER တစ်ဦးဖြစ်ပြီး Language and Training Center ဖြင့် နိုင်ငံခြားဘာသာစကားသင်ကြားပို့ချပေးခြင်း၊ Employment Agency Lincense ရရှိထားပြီး အလုပ်အကိုင်ရှာဖွေဆက်သွယ် ပို့ဆောင်ပေးသည့် ဝန်ဆောင်မှု အေဂျင်စီလုပ်ငန်းအား ယနေ့ထိတိုင် နာမည်ပျက်မရှိ ကောင်းမွန်သောဂုဏ်သတင်းများဖြင့် တရားဝင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်ပိုးအိလင်းနှင့် ၎င်း၏FORTUNE ALLIANCE Co,Ltd တို့အား ထိခိုက်နစ်နာစေရန်၊ ဂုဏ်သိက္ခာကျဆင်းစေရန်၊ အသရေပျက်စေရန် နှုတ်ဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်းပြောဆို ရေးသားခြင်း၊ ခေတ်မီဆက်သွယ်ရေးနည်းပညာများ၊ ဉာဏ်ရည်တုနည်းပညာ AI အသုံးပြု၍ဖုန်းဖြင့်လည်းကောင်း၊ ဖေ့ဘွတ်ခ် လူမှုကွန်ရက် စာမျက်နှာ၊ TikTok, Viber, Telegram, Instagram, Media, messenger, အစရှိသည်တို့တွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း မမှန်မကန်ရေးသားခြင်း၊ ဖြန့်ဝေခြင်း၊ ကူးယူဖော်ပြခြင်း၊ အသံဖိုင်တင်ခြင်း၊ ဗီဒီယိုဖိုင်တင်ခြင်း၊ Live လွှင့်ပြောဆိုခြင်း၊ ခြိမ်းခြောက်ခြင်း၊ ပုဂ္ဂိုလ်ရေးနှင့် လုံခြုံရေးအချက်အလက်များကိုဖော်ပြခြင်း၊ အကျိုးစီးပွားထိခိုက်နစ်နာစေရန် တမင်ရည်ရွယ်ချက်ဖြင့် အထင်အမြင်လွဲမှားစေခြင်း၊ လှုံ့ဆော်စိန်ခေါ်ခြင်း၊ စသည်တို့ကို မည်သူတစ်ဦး တစ်ယောက်မျှ ဆက်လက်မပြုလုပ်ပါရန်နှင့် ထိုသို့သောပို့စ်များတွင် Like, Share, comment များရေးသားပြုလုပ်သူများရှိပါက ထိုသူများကိုလည်း တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ကေခိုင်ညွန့်(LL.B)** | **ဒေါ်အေးသူဇာအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း-၀၉ -၉၅၄၆၆၁၂၆၂** | **ဖုန်း-၀၉- ၄၂၄၅၉၆၈၃၀** |

**ရုံး- အမှတ် ၁၁၂၊ ပြည်တော်အေးလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**

## အများသိစေရန်ကြော်ငြာ

အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် မြို့သစ်(ခ)၊ မြေကွက်အမှတ် ၃၆၂/က၊ ဧရိယာ (၀.၀၂၈) ဧက၊ မြေကွက်တည်နေရာ အမှတ်-၈၇၇၊ ခ/၉လမ်း ၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်၊ ဦးလှသိန်း (၁၂/အစန(နိုင်)၀၃၈၇၄၅) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက် ဦးလှသိန်းထံမှ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၈၅၆၃/၂၀၂၅ (၃၀-၉-၂၀၂၅)ဖြင့် ရရှိသူ ဒေါ်လှလှမူ (၁၂/အစန(နိုင်)၀၃၈၇၆၁) မှ ဖော်ပြပါ ပိုင်ဆိုင်မှုစာချုပ်၊ ဂရန်ပျောက်ဆုံးကြောင်း သက်ဆိုင်ရာ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ဂရန်ပျောက်ဝန်ခံကတိ၊ နှစ် (၆၀) ဂရန်မူရင်းမှာ အထားအသိုမှားယွင်း၍ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ ၎င်းနှစ်(၆၀) ဂရန်မူရင်းအား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းတို့ လုံးဝ မရှိပါကြောင်းနှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့ပါကလည်း ၎င်းအပေါ်တွင်သာတာဝန်ရှိပါကြောင်းနှင့် ၎င်းကသာ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခွင့်ပြုပြီးဖြစ်ပါသဖြင့် မြို့မြေစာရင်း(TLR)တွင် အမှုတွဲအမှတ် အစ/ဂရသ-၄၁/၉၆(၂၁-၁၁-၁၉၉၆) ရက်တွင် ထုတ်ပေးခဲ့သည့် ဦးလှသိန်း ၁၂/အစန(နိုင်)၀၃၈၇၄၅ အမည်ပေါက် မူလနှစ် (၆၀) မြေငှားစာချုပ်(ဂရန်)မူရင်းအား ပယ်ဖျက်ပြီး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်သည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀**
**သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်**
**၂၀၂၆ ခုနှစ်၊ တရားမကြီးအမှုအမှတ် - ၁၁၄**

| | | |
|---|---|---|
| ဒေါ်တင်တင်မိုး | **နှင့်** | ၁။ ဦးမင်းဇော်မိုး |
| | | ၂။ ဒေါ်ခင်မြသင်း |
| | | ၃။ ဒေါ်အေးမြမြ |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ တေးဥယျာဉ်(၁)လမ်း၊ အမှတ်(၃၀၁)နေ (၁)တရားပြိုင် ဦးမင်းဇော်မိုး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "တရားလိုနှင့် (၃) တရားပြိုင်တို့ ပဋိညာဉ်ပြုလုပ်ချုပ်ဆိုထားသော (၁၇ - ၂ - ၂၀၂၃) ရက်စွဲပါ အမွေဝေစုအမ်းယူခြင်း နှစ်ဦးသဘောတူကတိစာချုပ်အရ (၃) တရားပြိုင်က တရားလိုထံမှ ၎င်းရရန်ရှိသော အရစ်ကျပေးငွေများကို လက်ခံရယူ၍ တရားပြိုင်များက တရားလိုအား အခင်းဖြစ် အမွေဆိုင်အိမ်မြေကို စွန့်လွှတ်ကြောင်း မှတ်ပုံတင်စာချုပ်ကို ပြုလုပ်ချုပ်ဆိုပေးစေလို" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၃ ရက် ) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလို သည့်စာချုပ်စာတမ်း အစရှိသည်တို့ကိုသင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင် သွင်းရမည်။

၂၀၂၆ခုနှစ်၊ ဩဂုတ်လ (၂၇) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နီလာအောင်)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

